ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 4 November 2024 ၁၁၆၃၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ


**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၄



**တိုးတက်ပြောင်းလဲလာသော စာကြည့်တိုက်ဝန်ဆောင်မှုများဖြင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)**

ဆောင်းပါး စာမျက်နှာ » ၆

**(၆)ကြိမ်မြောက် ကမ္ဘာ့မီဒီယာ ထိပ်သီးညီလာခံကျင်းပရာ ရှင်းကျန်းဒေသအကြောင်း တစေ့တစောင်း**

ဆောင်းပါး စာမျက်နှာ » ၁၂


# ရွှေစက်တော်ဘုရားပွဲရာသီတွင် ဘေးမဲ့တောဥယျာဉ်ရှိ ကြယ်လိပ်နှင့် ရွှေသမင်များ လာရောက်ကြည့်ရှုလေ့လာနိုင်

မင်းဘူး နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ ဘုရားပွဲတော်ရာသီတွင် ရွှေစက်တော်တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောဥယျာဉ်မှ ကြယ်လိပ်နှင့် ရွှေသမင်ခြံများအား လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ရွှေစက်တော်တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောဥယျာဉ်ရှိ ရွှေသမင်များကို တွေ့ရစဉ်။



မုံရွာမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# မုံရွာမြို့နယ်၌ မိုးသီးနှံ မြေပဲ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ၁၇၅ ဧက ပိုမိုစိုက်ပျိုးနိုင်

မုံရွာ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် မိုးသီးနှံ မြေပဲ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ၁၇၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စံကွက်၊ စမ်းသပ်ကွက်များ စိုက်ပျိုးထား**

မိုးမြေပဲများစိုက်ပျိုးရာတွင် ဆင်းပဒေသာ-၁၁၊ မကွေး-၁၆၊ မကွေး-၁၀ စသည့် မြေပဲမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

တောင်သူများ မိုးမြေပဲစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုဖြင့် နိုင်ငံ့အကျိုး ဝိုင်းဝန်းသယ်ပိုး

မြန်မာနိုင်ငံတွင် မတူကွဲပြားသော တိုင်းရင်းသားလူမျိုး တစ်ရာကျော် စုစည်းနေထိုင်ကြသည်။ ထို့အပြင် မတူကွဲပြားသော ဗုဒ္ဓ၊ ဟိန္ဒူ၊ မွတ်စလင်၊ ခရစ်ယာန် ဘာသာကြီးလေးမျိုးနှင့် အခြားသောနတ်သက်ရာတို့ကို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိသည်။ မတူကွဲပြားမှုများပေါင်းစုပြီး နားလည်မှုရှိရှိဖြင့် စုဝေးနေထိုင်ကြသော ပြည်ထောင်စုကြီးသည် နှစ်လိုဖွယ်ရာအတိဖြစ်သည်။ အေးချမ်းသာယာဝပြောမှုအပေါင်းကို ဆောင်ကြဉ်းပေးနိုင်သည်။

၂၀၂၄ ခုနှစ် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိတို့ မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွ ကြီးပြင်းလာကြသူများဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ယုံကြည်ရာဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများက တစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလိုကြောင်း" ပြောကြားခဲ့သည်။

ပြည်ထောင်စုအတွင်း၌ မတူကွဲပြားသော ဘာသာတရားများ၊ လူမျိုးများ ပေါင်းစုနေထိုင်ကြသော်လည်း မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုများ ထိခိုက်ပြီး စည်းလုံးညီညွတ်မှု ပျက်ပြားနေရသည့်အကြောင်းရင်းကို ဆန်းစစ်လေ့လာသုံးသပ်ကြည့်ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် ပြဿနာပဋိပက္ခများသည် နိုင်ငံရေးအရဖြစ်ပေါ်လာသော ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းလိုမှုမရှိသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာရေးအရလည်းကောင်း၊ လူမျိုးရေးအရလည်းကောင်း ပြဿနာကြီးမားကြာရှည်စွာ မဖြစ်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ နိုင်ငံရေးပြဿနာများဖြစ်ပေါ်ခဲ့သည်။

လက်ရှိအချိန်ကာလတွင် မြန်မာနိုင်ငံနှင့်ခံယူချက်မတူသော ပြည်ပနိုင်ငံအချို့က နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး စသည့်လှုံ့ဆော်မှုအမျိုးမျိုးကိုအခြေခံသည့် ပြဿနာများ ဖန်တီးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဤအမိမြန်မာပြည်တွင် ဤမြေ၊ ဤရေ၊ ဤလေ၊ ဤသယံဇာတများကို အညီအမျှသုံးစွဲနေထိုင်ကြသည့် မည်သည့် လူမျိုး၊ မည်သည့်ဘာသာဝင်ဖြစ်စေ မြန်မာနိုင်ငံကို ချစ်သည့်စိတ်၊ တန်ဖိုးထားသည့်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး နေထိုင်ကြရန်လိုအပ်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်အတိုင်း အကောင်အထည်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဖြစ်ပေါ်နေသော ပဋိပက္ခပြဿနာများ လုံးဝချုပ်ငြိမ်းပြီး အေးချမ်းစွာအတူလက်တွဲနေထိုင်ကြကာ မျှော်မှန်းထားသော လမ်းကြောင်းအမှန်ပေါ်သို့ အမြန်ဆုံးရောက်ရှိရေးအတွက် မတူကွဲပြားသူအားလုံး ပေါင်းစည်းလက်တွဲပြီး ဆောင်ရွက်ကြရန်လိုသည်။

မတူကွဲပြားမှုများ ပေါင်းစည်းပြီး အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စုစည်းညီညွတ်သော အင်အားများရရှိလာစေရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဖိတ်ခေါ်ကြိုဆိုလျက်ရှိသည်။ မြန်မာနိုင်ငံသည် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့် လွတ်လပ်စွာနေထိုင်လုပ်ကိုင်ခွင့်ရှိသည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။ အများပြည်သူတို့၏ လွတ်လပ်သောဆန္ဒဖြင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသောနိုင်ငံဖြစ်သည်။ လူမျိုးရေးအရလည်းကောင်း၊ ယုံကြည်မှုအရလည်းကောင်း၊ နယ်မြေဒေသအရလည်းကောင်း ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဖြစ်ထွန်းနေသည့် ဘာသာပေါင်းစုံတို့နှင့်ပတ်သက်သည့် ဘာသာရေးဆိုင်ရာအခမ်းအနားများ၊ လူမျိုးစုများဆိုင်ရာ အထိမ်းအမှတ်နေ့များနှင့် အခမ်းအနားများကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှ အားပေးကူညီနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပဋိပက္ခများ ချုပ်ငြိမ်းသွားမှသာ မတူကွဲပြားသော ပြည်ထောင်စုသားများအားလုံး အေးချမ်းစွာ အတူလက်တွဲ နေထိုင်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနေသလို နိုင်ငံရေးနည်းလမ်းကိုလက်မခံဘဲ အကြမ်းဖက်လက်နက်ကိုင်နည်းလမ်း ရွေးချယ်သူ အကြမ်းဖက်သမားများကို စုစည်းညီညွတ်သောအင်အားဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ မတူကွဲပြားမှုများ ပေါင်းစုပြီး စုစည်းညီညွတ်သောအင်အားဖြင့် နိုင်ငံသားအချင်းချင်း တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှု၊ ရိုင်းပင်းကူညီမှုများ မျှဝေကြပြီး နိုင်ငံ့အကျိုးနှင့်ကမ္ဘာတစ်ခွင် ငြိမ်းချမ်းသာယာဝပြောမှုအပေါင်းကို ဆောင်ကြဉ်းပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ၊ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ပေါ်ရှိ ဟိုတယ်/တည်းခိုခန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

မြစ်ကြီးနား နိုဝင်ဘာ ၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြစ်ကြီးနားမြို့ပေါ်ရှိ ဟိုတယ်/တည်းခိုခန်း လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး နိုင်ငံတော်ကို အခွန်ပေးသွင်းစေကာ လုပ်ငန်းလိုင်စင်ချထားခွင့်ပြုထားကြောင်း၊ အဆင့်အတန်းနှင့်ညီမျှသည့် ဝန်ဆောင်မှုအရည်အသွေးများ ပေးအပ်နိုင်ရေး၊ ပုံရိပ်ကျဆင်းမှုမရှိစေရေး လုပ်ငန်းရှင်များဘက်က ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့အစိုးရအဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်



ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟိုတယ်/လုပ်ငန်းရှင်များဘက်က သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဧည့်စာရင်းမှန်ကန်စွာ အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေး၊ လုံခြုံရေးအတွက် CCTV ကင်မရာများ တပ်ဆင်ထားရှိ၍ ကောင်းမွန်အောင် ဆောင်ရွက်ကြရေး၊ လုံခြုံရေး အသိ၊ သတိဖြင့် အထူးအလေးထား ပူးပေါင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် အရေးယူဆောင်ရွက်နိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များက လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ပေးရမည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ သိလိုသည်များ၊ အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**✪ ရွှေ့ဖုံးမှ**

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောဥယျာဉ်တွင် ကြယ်လိပ်များ ခြံခတ်၍ မွေးမြူခြင်းကို ၂၀၀၄ ခုနှစ်မှစတင်ကာ သစ်တောဦးစီးဌာန၊ သားငှက်တိရစ္ဆာန်အဖွဲ့နှင့် လိပ်မျိုးရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ရွှေသမင်များကို ၂၀၁၂ ခုနှစ်တွင် နေပြည်တော် ဆာဖာရီဥယျာဉ်နှင့် ပုဂံလောကနန္ဒာဥယျာဉ်တို့မှ အထီး ငါးကောင်၊ အမ ခုနစ်ကောင်ဖြင့် စတင်မွေးမြူထိန်းသိမ်းခဲ့ကြသည်။

"ကြယ်လိပ်တို့၊ ရွှေသမင်တို့ဆိုတာ ကမ္ဘာ့ရှားပါးမျိုးစိတ်စာရင်းဝင်တွေပါ။ မြန်မာ့ရွှေသမင်တွေဆိုရင်လည်း မြန်မာတစ်နိုင်ငံတည်းမှာသာရှိတဲ့ ဌာနေဖွားဒေသရင်း မျိုးစိတ်တွေဖြစ်ပြီး အင်မတန်မှ ရှားပါးတဲ့အတွက် မျိုးသုဉ်းမှုမရှိစေရေး၊ ရွှေသမင်သားပေါက်များ တိုးပွားလာစေရေးတို့အတွက် အထူးဂရုစိုက်စောင့်ရှောက် ထားရပါတယ်။ ရွှေစက်တော် ဘုရားပွဲတော်ရာသီနဲ့ ပွင့်လင်းရာသီတွေမှာ မင်းဘူးမြို့နယ်ထဲက အထင်ကရနေရာတွေကို လာရောက်လည်ပတ်တဲ့အခါ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်ထဲက ဒေသရင်းမျိုးစိတ်ဖြစ်တဲ့ မြန်မာ့ရွှေသမင်တွေ၊ ကြယ်လိပ်တွေကိုလည်း လာရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်"ဟု ရွှေစက်တော်ဂေဟအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောဥယျာဉ်သည် ရွှေစက်တော်ဘုရားအဝင် သုံးမိုင်လမ်းရှိ လေ့တင်တံတားအနောက်ဘက်တွင်တည်ရှိပြီး ကြယ်လိပ်နှင့် ရွှေသမင်များအပြင် နို့တိုက်သတ္တဝါမျိုးစုံ၊ ကုန်းနေ၊ ရေနေသတ္တဝါမျိုးစုံနှင့် ငှက်မျိုးစိတ်များစွာရှိသည့်အပြင် ဇွှေ့ငှက်၊ နဖားကြူးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသားနှင့် ဗိုက်ဖြူငှက်များ နေထိုင် ကျက်စားလျက်ရှိကြသော်လည်း အချို့မှာ မျိုးသုဉ်းပျောက်ကွယ်နေပြီဖြစ်ကြောင်း ရွှေစက်တော် ဂေဟအဖွဲ့ထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**



ရွှေစက်တော်တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောဥယျာဉ်ရှိ ကြယ်လိပ်များကို တွေ့ရစဉ်။



## ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ မုံရွာမြို့နယ်မှ**

တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက အနီးကပ်ကြီးကြပ် လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးမြေပဲများကို အောက်တိုဘာ ၁ ရက်မှစတင်ပြီး ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ စိုက်ဧက၏ ၇၀ ရာခိုင်နှုန်းကို ရိတ်သိမ်းပြီးစီးကာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၂၀ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် လှိုင်သာယာမြို့နယ် ပန်းခြံလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန်　နိုဝင်ဘာ　၃**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတားနှစ်စင်းကြားရှိ ပန်းခြံနှင့်ဘုရင့်နောင်ပန်းခြံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**လိုအပ်သည်များမှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရင့်နောင်တံတားနှစ်စင်းကြားရှိ ပန်းခြံအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ အနီးအနားရှိ ရပ်ကွက်၊ ကျေးရွာများမှ အားကစားဝါသနာပါသူ လူငယ်များအတွက် ဖူဆယ်ကွင်း၊ ဘော်လီဘောကွင်း၊ ပိုက်ကျော်ခြင်းကွင်း၊ ဘောလုံးကွင်းတည်ဆောက်ပြီးစီးမှုများ၊ ဆိပ်ကမ်းသာလမ်းပေ ၂၀၀ ခန့်ရှိ မြစ်ထွက်ပေါက်ရေမြောင်းတူးဖော်နေမှုနှင့် မြေထိန်းနံရံဆောင်ရွက်နေသည့်လုပ်ငန်းခွင်နှင့် ရန်ကုန် – ပုသိမ်လမ်းဘေး ညောင်ရွာ – ဒိုင်စုအဝင်လမ်းတွင် Box-Culvert တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ် (၇) ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ပန်းခြံမှ အင်းဂလိုင်ချောင်းအထိ အရှည်ပေ ၅၀၀၀၊ အကျယ် ရှစ်ပေ၊ အနက် ငါးပေ အုတ်ရေမြောင်းတည်ဆောက်နေမှု၊ ရန်ကုန်-ညောင်တုန်းလမ်းဘက် ပန်းခြံအဝင်နေရာတွင် အရှည် ၃၂ ပေ၊ အကျယ် ရှစ်ပေ၊ အနက် ခြောက်ပေ Box-Culvert တည်ဆောက်ပြီးစီးမှု၊ အလျား ၁၀၈ ပေ၊ အနံ ၅၈ ပေ ဘက်စုံသုံး အဆောက်အအုံတည်ဆောက်ပြီးစီးမှု၊ ပန်းခြံအတွင်းရန်ကုန်မြို့တော်ရေပေးဝေရေးဇုန်(၉) ၏ အလျား ၁၂၅ ပေ၊ အနံပေ ၃၀၊ အနက် ၁၁ ပေရှိ ရေဂါလန်နှစ်သိန်းဆံ့ မြေအောက်ရေစုကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ပြီးစီးမှု၊ ဘက်စုံသုံးအဆောက်အအုံအတွင်းရှိ လှိုင်သာယာမြို့နယ်များ၏ Scale Model ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ရေနံချောင်းမြို့နယ်၌ စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရေနံချောင်း　နိုဝင်ဘာ　၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေချစ်မြတ်နိုးသူများအသင်း(Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းမောင်(နွေဦးမွန်)နှင့် အသင်းဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကာ စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသည့် “စာပေတာဝန်” စာအုပ်ကို ဖတ်ရှုခဲ့ကြပြီး အဆိုပါစာအုပ်တွင်ပါရှိသည့် အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီတာဖတ်ရှုမှု၊ ဓာတ်အားခွဲရုံများနှင့် သုခဒဂုံအိမ်ရာစီမံကိန်း ဓာတ်အားခွဲရုံစတင်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန်　နိုဝင်ဘာ　၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှတာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် အောက်တိုဘာလအတွက် မီတာဖတ်ရှုနေမှု အခြေအနေများနှင့် ဖဖ ကေဗွီ သုခဒဂုံအိမ်ရာစီမံကိန်း ဓာတ်အားခွဲရုံအား စတင်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။



ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် မီတာများ ဖတ်ရှုရာ၌ မီတာစာရေးများကိုယ်တိုင် မီတာယူနစ်များကို စနစ်တကျ မီတာဖတ်ရှုမှတ်တမ်းရေးသွင်းရေး၊ မီတာချို့ယွင်းမှုများ၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများကို သတ်မှတ်ထားသောလျှပ်စစ်ပုံစံတွင် စနစ်တကျရေးသွင်းပြီး အထက်အရာရှိထံ တင်ပြ၍ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ ဓာတ်အားခများကို သတ်မှတ်နှုန်းထားများနှင့်အညီ ကောက်ခံရရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ စက်မှုဇုန် အမှတ်(၂)ဓာတ်အားခွဲရုံ အမှတ်(၂)လမ်းပေါ်ရှိ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စီးပွားရေးတက္ကသိုလ် ဓာတ်အားခွဲရုံ၊ ဒီဇင်ဘာအိမ်ရာ ဓာတ်အားခွဲရုံတို့၏ ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးထားမှု အခြေအနေများနှင့် ဓာတ်အားခွဲရုံ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကာ ဓာတ်အား ပျောက်ဆုံးမှုများ မှန်ကန်စွာသိရှိနိုင်စေရန် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဖီဒါနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဖီဒါတို့ကို သီးခြားခွဲထုတ်တည်ဆောက်ရန်၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများ မရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က အလေးထား ကြပ်မတ် ဆောင်ရွက်သွားကြရန် မှာကြားပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဖဖ ကေဗွီ သုခဒဂုံအိမ်ရာစီမံကိန်း ဓာတ်အားခွဲရုံကို စတင်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဥသာ**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော်　နိုဝင်ဘာ　၃**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၉၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော်　နိုဝင်ဘာ　၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုးတက်ပြောင်းလဲလာသော စာကြည့်တိုက်ဝန်ဆောင်မှုများဖြင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

**ဒေါက်တာကေသီအေး**

နိုင်ငံတစ်နိုင်ငံ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအတွင်း စာပေပြန့်ပွားတိုးတက်မှုအပေါ် မှီတည်နေပါသည်။ စာကြည့်တိုက်အမျိုးအစား အမျိုးမျိုးရှိပြီး မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များအနေဖြင့် စာပေအသိပညာ ဗဟုသုတများ ပြန့်ပွားရန်၊ စာပေဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်တို့ကို နည်းအမျိုးမျိုးနှင့် ဆောင်ရွက်လျက်ရှိကြပါသည်။

အမျိုးသား စာကြည့်တိုက်သည်လည်း နိုင်ငံကို ကိုယ်စားပြုသည့် နိုင်ငံတော်အဆင့် စာကြည့်တိုက်တစ်ခု အဖြစ်ဖြင့် စာပေအမွေအနှစ်များကို ထိန်းသိမ်းနိုင်ရုံမကဘဲ နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းသယ်ဆောင်ပေးလျက်ရှိပါသည်။

ယနေ့ခေတ်တွင် ခေတ်မီသတင်းအချက်အလက် နည်းပညာတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ စာကြည့်တိုက်အများစုတွင်လည်း စုဆောင်းထားရှိသည့် စာပေပစ္စည်းအထောက်အထားများကို ဒစ်ဂျစ်တယ်ပုံစံပြောင်းလဲထိန်းသိမ်း၍ ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်ဝေမျှမှုများကို ခေတ်မီဒစ်ဂျစ်တယ်စနစ်သုံး စာကြည့်တိုက်များအဖြစ် ပြောင်းလဲဆောင်ရွက်လာကြပါသည်။

မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်သည် ဘားနတ်စာကြည့်တိုက်မှ စာစုကို အရင်းတည်၍ ဖွင့်လှစ်သော စာကြည့်တိုက် ဖြစ်ပါသည်။ ၁၈၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဝန်ရှင်တော်မင်းကြီး ဆာချားအက်ဒွပ်ဘားနတ် (Sir Charles Edward Bernard) နှင့် အောက်မြန်မာပြည်တရားပိုင်မင်းကြီး၊ ပညာရေးဆင်ဒီကိတ်အဖွဲ့ဝင် ဥက္ကဋ္ဌ ဆာဂျွန်ဂျာဒင်း (Sir John Jardine) တို့က အမှူးပြု၍ "ဘားနတ်အခလွတ်စာကြည့်တိုက်"ကို ဖွင့်လှစ်ခဲ့ပါသည်။

လွတ်လပ်ရေးရပြီးကာလ ၁၉၅၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နိုင်ငံတော်စာကြည့်တိုက်၊ ၁၉၆၄ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်ဟူသောအမည်များဖြင့် ပြောင်းလဲဖွင့်လှစ်ခဲ့ပါသည်။

အမျိုးသားစာကြည့်တိုက်သည် နေရာအသီးသီး ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီးနောက် ယခုအခါ အများပြည်သူ သွားလာရလွယ်ကူသောနေရာဖြစ်သည့် ရန်ကုန်မြို့လယ် ကုန်သည်လမ်းပေါ်တွင်ရှိသည့် ယခင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးချုပ်အဖြစ် အသုံးပြုခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံခဲ့ပါသည်။ ထို့နောက် ခေတ်မီစာကြည့်တိုက်တစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်၍ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အများပြည်သူအား ဝန်ဆောင်မှုပေးနိုင်ခြင်းသည်လည်း ဂုဏ်ယူစရာတစ်ခု ဖြစ်ခဲ့ပါသည်။

ခေတ်မီအမျိုးသားစာကြည့်တိုက် (ရန်ကုန်) အဆောက်အအုံသည် လေးထပ်အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် Data Center၊ CCTV Control Room စာအုပ်စင်ခန်းများနှင့် Exhibition Hall တို့ဖြင့် ဖွဲ့စည်းထားပါသည်။ Exhibition Hall တွင်လည်း အခမ်းအနားများ၊ ပြပွဲများ၊ ပွဲတော်များ ကျင်းပနိုင်ပါသည်။





မြေညီထပ်ရှိ Exhibition Hall ကို တွေ့ရစဉ်။

ပထမထပ်တွင် Multimedia Room၊ Audio & Video Room၊ Digital Library Room နှင့် ညီလာခံခန်းမ (Conference Hall) စသည်တို့ဖြင့် ဖွဲ့စည်းထားပါသည်။

Digital Data Base များကို အများပြည်သူ အသုံးပြုနိုင်စေရန် Multimedia Room တွင် စီစဉ်ထားရှိပါသည်။ Audio & Video Room တွင် မှတ်တမ်းရုပ်ရှင်နှင့် သတင်းကားများ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ Documentary Film များ စုဆောင်းထားရှိပြီး အပတ်စဉ် စနေနေ့ မွန်းလွဲပိုင်းတွင် မှတ်တမ်းရုပ်ရှင်ပြသခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းပြသမည့်အစီအစဉ်ကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) လူမှုကွန်ရက်စာမျက်နှာ (National Library–Yangon Facebook Page) မှ အပတ်စဉ် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။



Multimedia Room & Digital Library Room ကို တွေ့ရစဉ်။



Audio & Video Room တွင် မှတ်တမ်းရုပ်ရှင်ပြသနေသည်ကို တွေ့ရစဉ်။

Digital Library Room တွင် အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် စာပေပစ္စည်းများ၊ အခြား Electronic Form ဆောင်ရွက်ပြီးဖြစ်သည့် Digital စာစုများကို စာဖတ်သူများအနေဖြင့် စာကြည့်တိုက်တွင် လာရောက်အသုံးပြုနိုင်သကဲ့သို့ Online မှ မည်သူမဆို အခမဲ့ဖတ်ရှုနိုင်ပါသည်။

အွန်လိုင်းမှ အသုံးပြုရှာဖွေသူများအနေဖြင့် စာကြည့်တိုက်ပိုင် စာပေပစ္စည်းများ၏ အွန်လိုင်းကက်တလောက် အချက်အလက်များကို အမျိုးသားစာကြည့်တိုက် website www.nlm.gov.mm တွင် ဝင်ရောက်၍ Online Public Access Catalogue (OPAC) တွင် စာအုပ်ကက်တလောက်ပေါင်း တစ်သိန်းကျော်ကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် ဒစ်ဂျစ်တယ်စာစုများဖြစ်သည့် စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာ အစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ စာစုများ၊ ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာပေဆိုင်ရာ စသည့် e–Resources ပေါင်း ၂၀၀၀၀ ကျော်အား ချိတ်ဆက်ဆောင်ရွက်ထားပြီး စာကြည့်တိုက်အသုံးပြုသူများအနေဖြင့် အမျိုးသားစာကြည့်တိုက် Website ရှိ NL e–Resources နှင့် Quick Links တို့တွင် ဝင်ရောက်ရှာဖွေအသုံးပြုနိုင်ပါသည်။

| အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိ E-resources များ (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ) | | |
|---|---|---|
| စဉ် | Library Website www.nlm.gov.mm နှင့်စာကြည့်တိုက်တို့တွင် အသုံးပြုနိုင်သည့် E-resources များ | e-resources အရေအတွက် |
| ၁။ | စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာအစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာစာစုများ၊ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာပေ | ၂၀,၁၁၈ |
| ၂။ | IG Publishing E-Books Database (အာရှဒေသတွင်းနိုင်ငံများ ဆိုင်ရာစာအုပ်များ)(ကလေးစာပေဆိုင်ရာ Audio နှင့် e-Books) | ၃၁,၇၃၁ |
| ၃။ | အွန်လိုင်းကက်တလောက် (OPAC Catalogue) | ၁၀၈,၁၂၆ |

| စဉ် | စာကြည့်တိုက်တွင်သာ လာရောက်အသုံးပြုဖတ်ရှုနိုင်သည့် Digital Databases | e-resources အရေအတွက် |
|---|---|---|
| ၁။ | E-Tekkaatho Digital Database (ပညာရေးဆိုင်ရာ ဆောင်းပါး၊ သင်ရိုး၊ သင်ခန်းစာ၊ စာအုပ်) | ၇,၀၀၀ |
| ၂။ | Research 4Life Database | ၂၂,၀၄,၀၆၇ |

ထို့ပြင် IG Publishing Database ကိုလည်း National Library Website တွင် အများပြည်သူ အသုံးပြုဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) Website www.nlm.gov.mm တွင် OPAC Catalogue နှင့် e–resources များအား ဝင်ရောက်အသုံးပြုသူများ အနေဖြင့် User Name နှင့် Password များ အသုံးပြုရန်မလိုဘဲ Library Home Page ရှိ Resources မှတစ်ဆင့် အခမဲ့ အလွယ်တကူ အသုံးပြုနိုင်ပါသည်။

ပထမထပ်ရှိ ညီလာခံခန်းမ (Conference Hall) သည် လူဦးရေ ၂၅၀ ဆံ့ ခန်းမတစ်ခုဖြစ်ပြီး စာကြည့်တိုက်ပညာရပ်ဆိုင်ရာနှင့် သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလေ့ရှိပါသည်။

ဒုတိယထပ်တွင် ရည်ညွှန်းစာဖတ်ခန်း၊ အထွေထွေစာဖတ်ခန်းနှင့် ပေ၊ ပုရပိုက်နှင့် ရှားပါးစာစုများ စာဖတ်ခန်းတို့ ထားရှိပါသည်။ **စာမျက်နှာ ၇ သို့** ❈

**❝ အမျိုးသားစာကြည့်တိုက်သည် နေရာအသီးသီး ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီးနောက် ယခုအခါ အများပြည်သူ သွားလာရလွယ်ကူသောနေရာဖြစ်သည့် ရန်ကုန်မြို့လယ် ကုန်သည်လမ်းပေါ်တွင်ရှိသည့် ယခင်မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးချုပ်အဖြစ် အသုံးပြုခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံခဲ့ပါသည်။ ထို့နောက် ခေတ်မီစာကြည့်တိုက်တစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်၍ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အများပြည်သူအား ဝန်ဆောင်မှုပေးနိုင်ခြင်းသည်လည်း ဂုဏ်ယူစရာတစ်ခုဖြစ် ❞**



ပထမထပ်ရှိ ညီလာခံခန်းမကို တွေ့ရစဉ်။



စာဖတ်ခန်းများကို တွေ့ရစဉ်။

* စာမျက်နှာ ၆ မှ

ရည်ညွှန်းစာဖတ်ခန်းတွင် ရည်ညွှန်းအမျိုးအစားအလိုက် စာအုပ်များကို စီစဉ်ထားရှိ၍ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာစာအုပ်များ၊ အာဆီယံနှင့် ကုလသမဂ္ဂဆိုင်ရာ စာအုပ်များနှင့် လတ်တလော အသစ်ထွက်ရှိသည့် စာအုပ်၊ စာနယ်ဇင်းများကို ဖတ်ရှုနိုင်ရန် စီစဉ်ထားရှိပါသည်။

အထွေထွေစာဖတ်ခန်းတွင်လည်း စာအုပ်၊ စာနယ်ဇင်းများကို ထားရှိပြီး ပညာရပ်အလိုက် စင်တင်ထားရှိ၍ ဖတ်ရှုလိုသည့်စာအုပ်များကို စာဖတ်သူကိုယ်တိုင်ရွေးချယ် ရယူနိုင်ပြီး ယင်းစာဖတ်ခန်းရှိ စာအုပ်များအား ငှားရမ်းဖတ်ရှုလိုပါက အသင်းဝင်ကတ်ပြုလုပ်၍ စာငှားစည်းမျဉ်း သတ်မှတ်ချက်အတိုင်း ငှားရမ်းနိုင်မည်လည်း ဖြစ်ပါသည်။

ရှားပါးစာနယ်ဇင်းနှင့် ပေ၊ ပုရပိုက်များကို ဒုတိယထပ်တွင် သီးခြားစာဖတ်ခန်းထားရှိ၍ သုတေသီများ၊ ပညာရှင်များနှင့် အများပြည်သူဖတ်ရှုလေ့လာနိုင်စေရန်အတွက် သီးခြားစာဖတ်ခန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

တတိယထပ်တွင်မူ ကလေးစာကြည့်တိုက်စာဖတ်ခန်းနှင့် ပုံပြောခန်း၊ မသန်စွမ်းသူများ စာဖတ်ခန်း၊ အထူးစာဖတ်ခန်းများ စီစဉ်ထားရှိပါသည်။

ကလေးစာကြည့်တိုက်တွင် ကလေးများအတွက် ပြည်တွင်း၊ ပြည်ပမှ ထုတ်ဝေသည့် ကလေးစာပေဆိုင်ရာ စာအုပ်၊ ဂျာနယ်၊ ကာတွန်းရုပ်ပြနှင့် သင်ကြားရေးအထောက်အကူပြု စာအုပ်၊ စာစောင်များကို စီစဉ်ထားရှိပြီး အပတ်စဉ် စနေနေ့ မွန်းလွဲပိုင်းတွင် ပုံပြောခြင်းနှင့် စာဖတ်ခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိပြီး ကလေးစာကြည့်တိုက် အသင်းဝင်များအနေဖြင့်လည်း ဖတ်ရှုလိုသည့်စာအုပ်များကို အသင်းဝင်ကတ်ဖြင့် ငှားရမ်းဖတ်ရှုနိုင်ပါသည်။

မသန်စွမ်းသူများ စာဖတ်ခန်းတွင် အမြင်အာရုံချို့ယွင်းသူများ ဖတ်ရှုနိုင်ရန် မျက်မမြင်စာဖြင့် ရေးသားထားသည့် စာအုပ်များ၊ Audio Book များ၊ MP3 Player နှင့် DVD Player များ ထားရှိပြီး စာကြည့်တိုက်မှူးများနှင့်အတူ စာဖတ်ခြင်းအစီအစဉ်များ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာကြည့်တိုက်ဖွင့်ချိန်မှာ- နေ့စဉ် အင်္ဂါနေ့မှ စနေနေ့အထိ (နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ) ဖွင့်လှစ်ပေးလျက်ရှိပြီး တနင်္ဂနွေနေ့၊ တနင်္လာနေ့နှင့် အစိုးရပြန်တမ်းဝင်ရုံးပိတ်ရက်များသည် စာကြည့်တိုက်ပိတ်ရက်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ဆောင်ရွက်ထားရှိသည့် Digital Database လေးခုအနက် နှစ်ခုဖြစ်သည့် အမျိုးသားစာကြည့်တိုက်ပိုင် e-resources ပေါင်း ၂၀၀၀၀၀ ကျော်နှင့် IG Publishing Database ၏ E-Books ပေါင်း ၃၀၀၀၀၀ ကျော်ဖြစ်သည့် Asian Literature Collection၊ Rare Books On Asian Literature၊ Children’s Literature Collection၊ Children’s Literature Collection-Audio စသည်တို့ကို website တွင် ဖြစ်စေ၊ စာကြည့်တိုက်တွင် လာရောက်၍ ဖြစ်စေ နှစ်နေရာစလုံးတွင် ရယူအသုံးပြုနိုင်ပါသည်။

သို့သော် အခြား Digital Library Database (၂) ဖြစ်သည့် eTekkatho MyLibrary နှင့် Research 4Life Database တို့ကိုမူ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အနေဖြင့် သီးသန့်အသုံးပြုခွင့် User-Name၊ Password တို့ဖြင့် ခွင့်ပြုချက်ရရှိဆောင်ရွက်ထားပါသဖြင့် စာဖတ်သူများအနေဖြင့် ယင်း Digital Data Base များကိုမူ စာကြည့်တိုက်တွင်သာ လာရောက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**အမျိုးသားစာကြည့်တိုက်(ရန်ကုန်) မွမ်းမံပြင်ဆင်ပြီး Digital Library အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည့် ၂၀၂၁-၂၀၂၄ ဩဂုတ်လအထိ စာကြည့်တိုက်အသုံးပြုမှု**

| ခုနှစ် | Website မှ ဖတ်ရှုသူ(ဦးရေ) | စာကြည့်တိုက်တွင်လာရောက် ဖတ်ရှုသူ(ဦးရေ) | | စုစုပေါင်း (ဦးရေ) |
|---|---|---|---|---|
| ၂၀၂၁ | ၈၅,၉၄၅ | ၉၄၁ | | ၈၆,၈၈၆ |
| ၂၀၂၂ | ၂၉,၃၀၉ | ၇,၅၇၀ | | ၃၆,၈၇၉ |
| ၂၀၂၃ | ၂,၂၁,၀၁၃ | ၁၄,၉၂၄ | | ၂၃၅,၉၃၇ |
| ၂၀၂၄ | ၁၆၈,၇၀၆ | လာရောက်ဖတ်ရှုသူ | ၁၀,၈၃၇ | ၁၈၀,၃၅၁ |
| | | အသင်းဝင်ကတ်ဖြင့်ငှားရမ်းသူ | ၈၀၈ | |

eTekkatho MyLibrary သည် အဓိကအားဖြင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ မူလတန်းမှ အထက်တန်းအထိ ကျောင်းသား ကျောင်းသူများ၊ ကလေးများအတွက် ပညာရေးဆိုင်ရာ အချက်အလက် အကြောင်းအရာများ၊ အင်္ဂလိပ်ဘာသာစကားများကို ရှာဖွေလေ့လာဖတ်ရှုနိုင်သည့် Database တစ်ခုဖြစ်ပါသည်။ eTekkatho MyLibrary



တက္ကသိုလ်များမှ စာကြည့်တိုက်သို့ လေ့လာရေးလာရောက်သည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

တွင် ပညာရပ်ပေါင်း ၁၇၀၀ ကျော်ရှိပြီး Full text ဖတ်ရှုနိုင်သည့်အပြင် Download ပြုလုပ်နိုင်ပါသည်။

Research 4 Life သည် WHO၊ FAO၊ UNEP၊ ILO အစရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် Microsoft ကဲ့သို့ ကုမ္ပဏီများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပေါင်းစည်းထားသော အစီအစဉ်တစ်ခု ဖြစ်ပါသည်။

ဆေးပညာဆိုင်ရာများ၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ အစားအစာ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးသိပ္ပံ အကြောင်းအရာများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရူပဗေဒ၊ ဓာတုဗေဒကဲ့သို့သော သိပ္ပံပညာရပ်ဆိုင်ရာများ၊ ဖန်တီးမှု၊ ဆန်းသစ်တီထွင်မှုဆိုင်ရာများကို ကာကွယ်ပေးထားသည့် အကြောင်းအရာများ၊ ဥပဒေနှင့် လူမှုရေးသိပ္ပံဆိုင်ရာပညာရပ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ ဒဿနိကဗေဒ၊ သမိုင်းနှင့် အခြားသောပညာရပ်ဆိုင်ရာ ထုတ်ဝေသူများ၏ သုတေသနဆောင်းပါးများ စသည့်အကြောင်းအရာ၊ ပညာရပ်ပေါင်းများစွာ၏ နှစ်စဉ် တွေ့ရှိချက်များနှင့် ပတ်သက်၍ ထုတ်ဝေသည့်စာအုပ်၊ စာနယ်ဇင်းပေါင်းများစွာကို လေ့လာသိရှိနိုင်ပါသည်။

ထို့ပြင် အမျိုးသားစာကြည့်တိုက်ရှိ e-resource အသွင်ဆောင်ရွက်ပြီး ပေ၊ ပုရပိုက်နှင့် ရှားပါးစာအုပ်၊ စာနယ်ဇင်းများ၏ URL Link များကိုလည်း ASEAN Digital Library Portal သို့ ပေးပို့ချိတ်ဆက်ခြင်းဖြင့် မြန်မာ့စာပေအမွေအနှစ်များအား နိုင်ငံတကာမှ လေ့လာသိရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

စာပေပစ္စည်းများ စုဆောင်းထိန်းသိမ်းခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ သတင်းအချက်အလက် မျှဝေခြင်း၊ စာကြည့်တိုက် လုပ်ရှားဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ စာကြည့်တိုက်များနှင့် ချိတ်ဆက်၍ စာကြည့်တိုက်ပညာရပ်ဆိုင်ရာ လုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းအသီးသီးကို နည်းပညာပံ့ပိုးမှုများနှင့်အတူ ပိုမိုထိရောက်စွာ မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့သည့်အတိုင်း ခေတ်မီဒစ်ဂျစ်တယ်စာကြည့်တိုက်တစ်ခုအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အနေဖြင့် စာကြည့်တိုက်အသင်းဝင်များ ဖိတ်ခေါ်၍ စာငှားဝန်ဆောင်မှုကို ၂၀၂၃ ခုနှစ် မေလမှ စတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ အမျိုးသားစာကြည့်တိုက် အသင်းဝင် ၁၆၀ နှင့် ကလေးစာကြည့်တိုက်အသင်းဝင် ၂၅ ဦး စုစုပေါင်း ၁၈၅ ဦးရှိပြီဖြစ်ပါသည်။

ထို့ပြင် စာဖတ်သူအလိုရှိသည့် စာပေ





ကလေးစာဖတ်ခန်းများ၌ ကလေးများ စာပေဖတ်ရှုလေ့လာနေသည်ကို တွေ့ရစဉ်။

ပစ္စည်းများ၏ အချက်အလက်များကို အွန်လိုင်းမှ ပေးပို့သည့် Document Delivery Service ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အွန်လိုင်းဝန်ဆောင်မှုတစ်ခုဖြစ်သည့် ရည်ညွှန်းမေးခွန်းများနှင့် စာဖတ်သူသိရှိလိုသည်များကို Library Website ရှိ Ask a Librarian တွင် ဝင်ရောက်မေးမြန်းနိုင်ပါသည်။

မေးမြန်းလိုသူများအနေဖြင့် ဦးစွာမေးမြန်းစုံစမ်းခြင်းကို စာကြည့်တိုက် website ရှိ Query Form (သို့) မေးမြန်းစုံစမ်းလွှာပုံစံကို အသုံးပြု၍ မေးခွန်းများကို တင်ပြမေးမြန်းနိုင်သည်။ မေးမြန်းလာသည်များကို ပုံမှန်အားဖြင့် တစ်ပတ်အတွင်း nlm.reference@gmail.com မှ ပြန်လည်ဖြေကြားခြင်းကို ဆောင်ရွက်ပေးနေပါသည်။

ယခုကဲ့သို့သော စာကြည့်တိုက်ဝန်ဆောင်မှုများကို အများပြည်သူအတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိသည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ၏ ဆောင်ရွက်ထားရှိမှုများကို ပြည်သူများ သိရှိအသုံးပြုနိုင်စေရန် အလို့ငှာ အသိပေးရေးသားလိုက်ရပါသည်။ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အမှတ် ၆၀၄/၆၀၈၊ ကုန်သည်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။ www.nlm.gov.mm/၀၁ ၈၃၇၇၃၅၂။ ။

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသွန်းရတီ(ခ)သွန်းသုသုနိုင် "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့် ဤသို့တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




နှဲအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို "ထွေတလာ"(ကြိုး) သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုး "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ ဝါသနာရှင်ဒုတိယတန်းအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ထက်ကေရီလွင် "ဂီတရေစီးကြောင်း" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မရှင်မင်းအေး "ကုဏ္ဍလာအိုင်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မအင်နီးဆင့်စုစု "ရွှေပြည်ကြီးရော" (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနွေးနွေးထက် “လျှပ်ပန်းခွေနဲ့” (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထူးပြည့်စုံလွင် “ရွှေပြည်ကြီးဇရာ” (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပလွေအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းဝေဇော် “ဇေယျာမြို့” (ကြိုး)သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သုထက်အောင် “မြမန်းဂီရိ” (ယိုးဒယား)သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ပလွေအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အောင်ဖုန်းခန့် “လွဲလွဲစိမ်းရောင် ” (ကြိုး)သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပူးတွဲပထမဆုရရှိသည့် ကယားပြည်နယ်မှ မမေသန္တာဝင်း“မှန်ရဝေ” (ပတ်ပျိုး)” သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မရွှန်းလဲ့မေ “မင်္ဂလာဆယ့်နှစ်ပါး” (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ တတိယနေ့တွင် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၀၀၀ ကျော် ဖြေဆို



ဟိုပုံး နိုဝင်ဘာ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရ သာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ စတုတ္ထအကြိမ်မြောက် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကို ယနေ့ မွန်းတည့်၁၂ နာရီက နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဆက်လက် ဖြေဆိုလျက်ရှိရာ အလှူရှင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်း လျက်ရှိပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စာမေးပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းရှိကျောင်းပေါင်း ၂၃၅ ကျောင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင်များက ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဥပစာတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၇၄ ပါး၊ မူလတန်းအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၂၉၀၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၃၅၃ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၄၇၄ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၆ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၄၈၇ ပါးတို့ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ စာအောင်သံဃာတော်များအား ဆွမ်းဆန်လောင်းလှူပွဲနှင့် ဘွဲ့တံဆိပ်ဆက်ကပ် လှူဒါန်းပွဲတို့ကို နိုဝင်ဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဝင် ကျေးရွာစာကြည့်တိုက်များအား ကြည့်ရှုစစ်ဆေး



ပျဉ်းမနား နိုဝင်ဘာ ၃

ပျဉ်းမနားမြို့နယ် ယောက်သွားအင်းကျေးရွာအုပ်စု ကြံဖိုစုကျေးရွာ၌ ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် သနပွင်ဆိပ်ကျေးရွာအုပ်စု သနပွင်ဆိပ်(အနောက်)ကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေများနှင့် ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့် ကျေးရွာစာကြည့်တိုက် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

# ဟိုပုံးမြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သည့် ကျောင်းသား ကျောင်းသူများ၏ ရင်တွင်းစကားသံများ

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒေသအဆင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာကြည်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာ ၃၀ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ပြီး ပါဝင်ဆင်နွှဲခဲ့သည့် ကျောင်းသား ကျောင်းသူများ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိရပါသည်-


ဦးလေးလွင်


မမေဝတီထွန်း


မအိမ့်ချစ်ချစ်ပို


မနန်းသန်းသန်းချို

**ဦးလေးလွင်**
**အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်**
**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**
**ဟိုပုံးမြို့**

ဒီပွဲတော်မှာ အဓိကကတော့ ကျွန်တော်တို့ အပိုင်းနှစ်ပိုင်းနဲ့ ကျင်းပတာဖြစ်ပါတယ်။ ပထမတစ်ပိုင်းကတော့ ကာယပိုင်း၊ ဒုတိယတစ်ပိုင်းကတော့ ဉာဏပိုင်းနဲ့ ကာယ၊ ဉာဏနှစ်ပိုင်းနဲ့ ကလေးတွေအတွက် ပါဝင်ယှဉ်ပြိုင်ခွင့် ပေးထားပါတယ်။ ကာယမှာတော့ ကလေးတွေအတွက် ကိုယ်ခံစွမ်းအားမြှင့်တင်နိုင်ဖို့ အာလူးကောက်၊ ဂုန်နီအိတ်စွပ်စတဲ့ ကာယပိုင်းနဲ့ သက်ဆိုင်တာကို ယှဉ်ပြိုင်ခွင့်ပေးထားပြီး ဉာဏပိုင်းမှာတော့ မူလတန်းအောက်အဆင့်၊ မူလတန်းအထက်အဆင့် ပြိုင်တဲ့ပွဲရှိသလို အထက်တန်းအဆင့်မှာ ဆိုရင်တော့ စာစီစာကုံး၊ ကျပန်းစကားပြော၊ English Story၊ ပုံပြောပြိုင်ပွဲ၊ မူလတန်းအောက်အဆင့်မှာ ကဗျာရွတ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ အပိုင်းနှစ်ပိုင်းနဲ့ ပြိုင်ပွဲဝင်ခွင့် ပေးထားပါတယ်။ ဒီနေ့လုပ်ပေးတဲ့ပွဲမှာ ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေအတွက် ရှေ့တွေ့ကြုံရမယ့် နောက်ပွဲတွေအတွက်ဆိုရင်ပေါ့ အတွေ့အကြုံကောင်းတွေပိုရလာမယ်။ သူတို့ရဲ့ အမှားပြင်ဆင်ချက်တွေကို သူတို့မှားတာတွေ့ရင် ပြန်ပြင်နိုင်မယ်။ သူတို့ရဲ့အများရှေ့မှာ ပြောဆိုနိုင်တဲ့ စွမ်းအား၊ ပြိုင်ဆိုင်နိုင်တဲ့ ခွန်အားတွေ ရရှိလာပါမယ်။

**မမေဝတီထွန်း**
**Grade-5 အထက(၁)ဟိုပုံး**

သမီးကတော့ အမြဲတမ်း ကျောင်းစာကြည့်တိုက်ကို သွားပါတယ်။ သမီးတို့ရဲ့ ကျောင်းဆရာကြီးကလည်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်တွေ ဝယ်ပေးထားပါတယ်။ သမီးက အမြဲတမ်း ကျောင်းစာကြည့်တိုက်မှာ စာအုပ်သွားဖတ်ရင်းနဲ့ ဆရာကြီး မင်းယုဝေရေးသားထားတဲ့ (၃၈)ဖြာ မင်္ဂလာပုံပြင်စာအုပ်တွေကို ဖတ်မိခဲ့ပါတယ်။ သမီးက အဲဒီပုံပြင်စာအုပ်တွေကို နှစ်သက်တယ်၊ သဘောကျတဲ့အတွက် ဖတ်ခဲ့ပါတယ်။ အဲဒါကြောင့် ဒီထဲက "ချိုသာသောစကားနဲ့ နွားလိမ္မာ" ဆိုတဲ့ ပုံပြင်လေးဟာဆိုရင် ဒီကျောင်းသားတွေအတွက် ချိုသာယဉ်ကျေးတဲ့စကားတွေ ပြောကြားရမယ်ဆိုတဲ့ သင်ခန်းစာရတဲ့အတွက် သမီးက စိတ်ဝင်စားလို့ အားလုံးကို ပြန်လည်ဝေမျှပေးချင်တဲ့အတွက် ဒီပွဲတော်မှာ ပုံပြင်ပြောပြိုင်ပွဲကနေ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ သမီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ပုံပြင်လေးရဲ့ခေါင်းစဉ်ကတော့ "ချိုသာသောစကားနဲ့ နွားလိမ္မာ" ဆိုတဲ့ ပုံပြင်လေးပဲ ဖြစ်ပါတယ်။ သမီးက အခုလိုဝင်ပြိုင်ခဲ့တဲ့အတွက် သူငယ်ချင်းတွေအားလုံးကိုလည်း ဒီလိုမျိုးဝင်ပြိုင်နိုင်ဖို့အတွက် ပြောပြနိုင်ပါတယ်။ သမီးကတော့ ဒီလိုပြိုင်ပွဲကြီးတွေ၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီး ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောင်လာနောက်သား လူငယ်တွေအတွက်လည်း တကယ့်ကို အထောက်အကူပြုပါတယ်။ ဒီလိုပြိုင်ပွဲတွေကို နှစ်စဉ်နှစ်တိုင်း ထပ်မံကျင်းပပေးစေချင်ပါတယ်။

**မအိမ့်ချစ်ချစ်ပို**
**Grade-10 အထက(၁)ဟိုပုံး**

သမီးကတော့ ကျပန်းစကားပြောပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာပဲဖြစ်ပါတယ်။ သမီးယှဉ်ပြိုင်ခဲ့တဲ့ ခေါင်းစဉ်ကတော့ "ကျောင်းသားနဲ့စာပေ" ဖြစ်ပါတယ်။ ခေါင်းစဉ်သုံးခုကို မဲနှိုက်တဲ့စနစ်နဲ့ ယှဉ်ပြိုင်ရပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ရက်သတ္တတစ်ပတ် အချိန်ယူခဲ့ရပါတယ်။ ဒီပြိုင်ပွဲက သမီးတို့လို ကျောင်းသား ကျောင်းသူတွေအတွက် အလွန်ကိုအကျိုးရှိပါတယ်။ ပြိုင်ပွဲတွေက အလွန်ကောင်းတော့ နှစ်စဉ်နှစ်တိုင်း ထပ်မံကျင်းပပေးစေချင်ပါတယ်။

**မနန်းသန်းသန်းချို**
**Grade-10 မူလွန်(၃)ဟိုပုံး**

သမီးက ဒီပွဲတော်မှာ ပန်းချီပြိုင်ပွဲမှာ "စာကြည့်တိုက်သို့သွားကြစို့" ခေါင်းစဉ်နဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ သမီးက ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် ရက်သတ္တတစ်ပတ်လောက် အချိန်ယူခဲ့ရပါတယ်။ ပထမ စစပြိုင်ချင်းတော့ သမီးအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ သမီးအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်မဖြစ်ခဲ့ဘဲနဲ့ ကိုယ်က စိတ်လှုပ်ရှားစရာမလိုဘူးပေါ့။ အကယ်၍သာ ကိုယ်က စိတ်လှုပ်ရှားခဲ့မယ်ဆိုရင် ပြိုင်ပွဲအတွက် ကိုယ်ကအာရုံရောက်ခဲ့မှာလည်း မဟုတ်ဘူး။ ဒီပွဲတော်ကတော့ ကျောင်းသား ကျောင်းသူတွေအတွက် အကျိုးရှိပါတယ်။ ပြီးတော့ ဒီပွဲတော်မှာ ပါဝင်ဆင်နွှဲရတဲ့အတွက်လည်း သမီးကပျော်ရွှင်ရပါတယ်။ အခုလို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျောင်းတိုင်းမှာ ဒီလိုပွဲတော်တွေကို ထပ်ပြီးတော့ ဆင်နွှဲပေးစေချင်ပါတယ်။

ပအိုဝ်းဒေသ (ပြန်/ဆက်)

# (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် တောင်တက်စက်ဘီးပြိုင်ပွဲ ကျင်းပ

ဘားအံ နိုဝင်ဘာ ၃

နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်မည့် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ဘားအံ-လှိုင်းဘွဲ့ကားလမ်းဘေးရှိ ဘားအံ ဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ဖာပွန်၊ ကျိုက်ထို၊ င်းတေး၊ သထုံ၊ ဘုရားသုံးဆူနှင့် ကြာအင်းဆိပ်ကြီး မြို့နယ်တို့မှ ဂေါက်သီးရိုက်အားကစားသမား ၁၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကရင်ပြည်နယ်ဝန်ကြီး ချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဂေါက်သီးရိုက် ၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များသည် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမား များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေး စကားပြောကြားခဲ့သည်။

အလားတူ (၆၉)နှစ်မြောက်ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ်တောင်တက် စက်ဘီး




ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ အမျိုးသား အသက် ၄၀ အထက်ပြိုင်ပွဲ၊ အသက် ၄၀ အောက် ပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ၊ အသက်(၁၃) နှစ်အောက်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား လေးမျိုးခွဲ ကျင်းပပြီး အမျိုးသားပြိုင်ပွဲကို ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးစောထွန်းအောင်က ဇွဲကပင်လမ်းဆုံ၌ လည်းကောင်း၊ အမျိုးသမီးအလွတ်တန်းနှင့် အသက် (၁၃) နှစ်အောက်ပြိုင်ပွဲကို ပြည်နယ်တိုင်းရင်းသား ရေးရာဝန်ကြီး ဦးစန်းကိုက ထုံးအိုင်လမ်းဆုံတွင် လည်းကောင်း သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ သည်။ ပြိုင်ပွဲများယှဉ်ပြိုင်နေမှုနှင့် ပန်းဝင်လာမှုတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ် တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် စက်ဘီး စီး အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြ သည်။

အဆိုပါပြိုင်ပွဲသို့ ဘားအံ၊ လှိုင်းဘွဲ့၊ ရန်ကုန်၊ မန္တလေး၊ သံဖြူဇရပ်၊ မုဒုံနှင့် မော်လမြိုင်မြို့တို့မှ ပြိုင်ပွဲဝင် ၁၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကြာအင်းတောင်ပေါ်၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အသက် ၁၃ နှစ်အောက် အထူးဆုနှစ်ဆု၊ အသက် ၆၀ အထက် အထူးဆု နှစ်ဆုနှင့် အမျိုးသား ၄၀ အောက် တောင်တက် စက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိ ကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(မြန်/ဆက်)

# ဓနုဖြူမြို့နယ်၌ ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားမှုကိုလိုက်နာရေး ကြီးကြပ်စစ်ဆေး



ဓနုဖြူ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စည်ပင်သာယာရေး ကော်မတီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက် အကူပြုစေရန် ပြည်သူများ ပလတ်စတစ်အိတ် သုံးစွဲမှုလျော့နည်း စေရေးအတွက် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ် စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားရှိမှုကို လိုက်နာ ဆောင်ရွက်မှုရှိစေရေး ကြီးကြပ်စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း၌ ဆောင်ရွက် သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့မဈေးအတွင်း ဈေးရောင်းချသူများ အနေဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း သတ်မှတ် စည်းကမ်းများနှင့်အညီ ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်အိတ်များ အစား အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူနှင့် အခြားသင့်လျော်ရာအစားထိုး ပစ္စည်းများဖြင့် ထုပ်ပိုးသုံးစွဲကြရန် လိုက်လံအသိပေးခြင်းနှင့် လိုက်နာ ဆောင်ရွက်မှုရှိစေရေး မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးကော်မတီဝင်များက ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(မြန်/ဆက်)

# သာပေါင်းမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာဆောင်ရွက်စေရေး အသိပညာပေး

သာပေါင်း နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီက ပြည်သူများ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ် အိတ်များ သုံးစွဲမှုလျော့နည်းစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့ တိုင်း ပလတ်စတစ်အိတ် သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲ လိုက်နာဆောင်ရွက်မှုရှိစေရေး အသိပညာပေး ကြပ်မတ်စစ်ဆေးခြင်း ကို ယနေ့နံနက် ၇ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေးအတွင်း၊ အပြင်၌ ဆောင်ရွက်သည်။

ထိုသို့ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ် စတစ်အိတ်များ မသုံးစွဲရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့် ဝန်ထမ်း များက သီရိရွှေသာဈေးရှိ ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်နှင့် သတင်းစာစက္ကူ စသည့်သင့်လျော်ရာ အစားထိုး ထုပ်ပိုးသုံးစွဲစေရေးအတွက် ပြည်သူများအား ကျယ်ကျယ် ပြန့်ပြန့်သိရှိနိုင်စေရေး အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပြည်သူများပါဝင်ဆောင်ရွက်ပေးနိုင်ရေး လက်ကိုင်စပီကာများနှင့် အသိပညာပေးနှိုးဆော်ပြီး စိစစ်ကြပ်မတ်၍ ကြွပ်ကြွပ်အိတ်၊



ပလတ်စတစ်အိတ်အသုံးပြုသူတွေ့ရှိပါက စီမံဒဏ်ကြေးငွေပေးဆောင် စေလျက် အရေးယူဆောင်ရွက်လျက်ရှိရာ ပြည်သူများက ပူးပေါင်း ပါဝင် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(မြန်/ဆက်)

■



# မိုင်းခတ်မြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး၊ ထိုးနှံပေး

မိုင်းခတ် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် မွေးကင်းစမှ အသက် နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ အား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းတွင် မိုင်းခတ် မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် တိုက်ကျွေး၊ ထိုးနှံပေး သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မိုင်းခတ်မြို့ပေါ်ရှိ ရပ်ကွက်နှင့်ကျေးရွာများမှ မွေးကင်းစမှအသက် နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက် အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော (Rota) ကာကွယ်ဆေးများ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိ ကြောင်း သိရသည်။

နန်းနွယ်နီ(မြန်/ဆက်)

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# (၆)ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံကျင်းပရာ ရှင်းကျန်းဒေသအကြောင်း တစေ့တစောင်း

**ထွန်းကျော်**

ရှင်းကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်ပြီးတော့ တရုတ်နိုင်ငံရဲ့အနောက်မြောက်ဘက် အာရှအလယ်ပိုင်းနှင့် အရှေ့အာရှဆုံရာမှာ တည်ရှိပါတယ်။ တရုတ်နိုင်ငံရဲ့အကြီးဆုံးပြည်နယ်ခွဲတစ်ခုဖြစ်ပြီး စတုရန်းကီလိုမီတာ ၁ ဒသမ ၆ သန်း ကျယ်ဝန်းပါတယ်။ ဒေသခံလူမျိုးစုစုပေါင်း ၂၅ သန်းခန့် နေထိုင်ပါတယ်။ ရှင်းကျန်းဒေသဟာ အလွန်လှပတဲ့နေရာတစ်ခုဖြစ်ပြီး ထူးခြားတဲ့သဘာဝအလှများနဲ့ပြည့်စုံကာ ဖွံ့ဖြိုးတိုးတက်မှုအလားအလာအကောင်းဆုံးဖြစ်တဲ့အပြင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း အကောင်းဆုံးနေရာတစ်ခုလည်းဖြစ်ပါတယ်။



ဒါ့ပြင် ရှင်းကျန်းဒေသဟာ ရှေးဟောင်းပိုးလမ်းမ ကုန်သွယ်မှုလမ်းကြောင်းအတွက် အချက်အချာကျတဲ့ဒေသတစ်ခုဖြစ်ပြီး အရှေ့နဲ့အနောက် မြို့ပြဖွံ့ဖြိုးရေးဖော်ဆောင်မှုတွေအတွက်လည်း ပေါင်းကူးတံတားသဖွယ် အရေးပါလျက်ရှိတဲ့နေရာတစ်ခုဖြစ်တာကြောင့် (၆)ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံကို ဆင်ဟွာသတင်းအေဂျင်စီနဲ့ ရှင်းကျန်းဒေသအစိုးရတို့ ပူးပေါင်းကာ အဆိုပါနေရာမှာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

ရှင်းကျန်းဒေသဟာ ဥရောပတိုက်နဲ့ အာရှတိုက်နှစ်ခုပေါင်းထားတဲ့ ဥရောပအာရှတိုက်ကြီးရဲ့ အလယ်ဗဟိုမှာတည်ရှိပြီး မွန်ဂိုလီးယား၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နဲ့ အိန္ဒိယနိုင်ငံတို့နဲ့လည်း နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။ ရှင်းကျန်းဒေသဟာ သယ်ယူပို့ဆောင်ရေး အချက်အချာနေရာတစ်ခုဖြစ်ပြီး အာရှအလယ်ပိုင်း၊ အာရှအနောက်ပိုင်းနဲ့ အာရှတောင်ပိုင်းတို့ကို ချိတ်ဆက်ပြီး ဥရောပအထိ ခရီးလမ်းကြောင်းပွင့်နေတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ရှေးခေတ်အချိန်တွေကတည်းက ရှင်းကျန်းဒေသဟာ ကုန်ပစ္စည်းတွေစုဆောင်း၊ သိုလှောင်ဖြန့်ဖြူးရာ နေရာတစ်ခုဖြစ်သလို အရှေ့နဲ့အနောက်ကြား ယဉ်ကျေးမှုပေါင်းစည်းရာ နေရာတစ်ခုလည်းဖြစ်ပါတယ်။ ရှင်းကျန်းဒေသဟာ ရှေးယခင်ကတည်းက အရာရှိ၊ အရာခံ၊ ကုန်သည်ပွဲစားတွေ ကုန်စည်ကူးသန်းသွားလာခဲ့ကြတဲ့အတွက် တက်ကြွတဲ့ ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုအငွေ့အသက်တွေဟာ အခုအချိန်အထိ နက်ရှိုင်းစွာ ကျန်ရှိနေပါတယ်။



ရှင်းကျန်းဒေသဟာ ရှေးခေတ်ပိုးလမ်းမပေါ်မှာ တည်ရှိတဲ့ အရေးကြီးတဲ့ လမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ ပိုးလမ်းမသစ်လို့ ခေါ်နိုင်တဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုပူးပေါင်းဆောင်ရွက်မှုဟာ ရှင်းကျန်းဒေသကို အခွင့်အလမ်းသစ်တွေ၊ ရှင်သန်တက်ကြွမှုတွေ ပြန်လည်ဆောင်ကြဉ်းပေးနေပြီဖြစ်ပါတယ်။ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုရဲ့ ခိုင်မာတဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ရှင်းကျန်းဟာ ကုန်းတွင်းပိတ်ဒေသမှ တရုတ်နိုင်ငံရဲ့ အနောက်ဘက်အထိ လမ်းဖွင့်ပေးပြီး အာရှနဲ့ ဥရောပကို ဆက်သွယ်ထားတဲ့ ရွှေရောင်လမ်းကြောင်းအဖြစ် ပြောင်းလဲခဲ့ပါတယ်။ အနောက်ဘက် ပင်လယ် ကုန်သွယ်ရေးစင်္ကြံလမ်းသစ်ရဲ့ ဘက်စုံသုံးရထားဝန်ဆောင်မှုစနစ်ကို စတင်လိုက်တဲ့အတွက် ရှင်းကျန်းဟာ အာရှအလယ်ပိုင်းနဲ့ အာဆီယံနိုင်ငံတွေကို ချိတ်ဆက်ရာမှာ အချက်အချာကျတဲ့နေရာတစ်ခုဖြစ်လာရုံသာမက အာရှအနောက်ဘက်နဲ့ ဥရောပကိုလည်း ချိတ်ဆက်လာနိုင်ခဲ့သလို ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုကို အပြည့်အဝအသုံးချနိုင်ခဲ့တဲ့အတွက်လည်း အရည်အသွေးမြင့်ကုန်ပစ္စည်းတွေကို ပင်လယ်နဲ့တောင်တန်းတွေ ဖြတ်ကျော်ပြီး ကမ္ဘာ့ဈေးကွက်အထိ လွယ်ကူစွာ တင်ပို့လာနိုင်ခဲ့ပြီဖြစ်ပါတယ်။

## လျင်မြန်စွာဖော်ဆောင်လျက်ရှိ

ရှင်းကျန်းဒေသဟာ ပြည်တွင်း၊ ပြည်ပကုန်စည်စီးဆင်းလည်ပတ်မှုနဲ့အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စံနမူနာပြယုဂ်တစ်ခုဖြစ်လာဖို့ တက်ကြွစွာလုပ်ဆောင်လျက်ရှိပါတယ်။ ရှင်းကျန်းဒေသဟာ အခွင့်အလမ်းတွေဝေမျှပေးရာ နေရာတစ်ခုဖြစ်ပါတယ်။ ပြည်တွင်းနဲ့ နိုင်ငံတကာကဏ္ဍနှစ်ခုစလုံးမှာ ပွင့်လင်းမြင်သာစွာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ အရင်းအမြစ်တွေ ပိုမိုပေါများလာတဲ့ဈေးကွက်ကြီးတစ်ခု၊ လမ်းပန်းဆက်သွယ်ရေးပိုမိုအဆင်ပြေမှု၊ ပိုမိုကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုပိုမိုချောမွေ့လာမှုနဲ့ ပိုမိုဖော်ရွေတဲ့စီးပွားရေးပတ်ဝန်းကျင်တွေကို လျင်မြန်စွာ ဖော်ဆောင်လျက်ရှိပါတယ်။

ရှင်းကျန်းဒေသဟာ စွမ်းအင်နဲ့ ဓာတ်သတ္တုအရင်းအမြစ်တွေ ပေါကြွယ်ဝလှပါတယ်။ စွမ်းအင်နဲ့ ဓာတ်သတ္တု ၁၃ မျိုးဟာ ပထမတန်းစားတွေဖြစ်ပြီး ၅၆ မျိုးကတော့ အဆင့် (၅) မှာ ရှိပါတယ်။ ရှင်းကျန်းဒေသဟာ စွမ်းအင်နဲ့ သဘာဝအရင်းအမြစ်အတွက် အလွန်ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေဒေသရှိတဲ့အတွက် အကြီးစားရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်တာတွေ၊ အကြီးစားကျောက်မီးသွေးထုတ်လုပ်တာတွေ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်တာတွေ၊ ကျောက်မီးသွေးဓာတုအခြေခံစက်ရုံ တည်ဆောက်တာတွေ၊ အကြီးစားလေအားလျှပ်စစ်စက်ရုံ တည်ဆောက်တာတွေ အကြီးအကျယ်လုပ်ဆောင်နေတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးနိုင်တဲ့သစ်တောမြေတွေ၊ မျက်စိတစ်ဆုံးမြင်နိုင်တဲ့ မြက်ခင်းစိမ်းတွေ၊ လုံလောက်တဲ့ နေရောင်ခြည်ရရှိမှုတွေ၊ သင့်တော်တဲ့ ရာသီဥတုတွေက ဆန်စပါးနဲ့ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းထုတ်လုပ်မှုတွေ၊ အရည်အသွေးမြင့်ဝါဂွမ်းထုတ်လုပ်မှုတွေနဲ့ ထူးခြားကောင်းမွန်တဲ့ သစ်သီးတွေ စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာလည်း အလွန်ကို အထောက်အကူဖြစ်စေပါတယ်။ ရှင်းကျန်းဟာ လေစွမ်းအင်နဲ့ နေစွမ်းအင်သုံးမကုန်နိုင်အောင် အများအပြားရှိပြီး အကြီးအကျယ်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အခြေအနေကောင်းတွေ အများကြီးပိုင်ဆိုင်ထားတဲ့ဒေသဖြစ်ပါတယ်။ ဒေသအတွင်းနဲ့ ဒေသအပြင်မှာရှိတဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက လျှပ်စစ်ပိုးလမ်းမကြီးကို ဖန်တီးတည်ဆောက်ပေးပြီး ရှင်းကျန်းအတွက် မမျှော်မှန်းနိုင်လောက်တဲ့ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတွေကို ယူဆောင်လာခဲ့ပါပြီ။ ရှင်းကျန်းဒေသမှာ မြစ်ချောင်းတွေ၊ ရေကန်တွေ အမြောက်အမြားရှိတဲ့အတွက် ရေအရင်းအမြစ်လည်း ပေါကြွယ်လှပါတယ်။

## အလားအလာကောင်းများကို ဖြစ်စေ

သို့သော်လည်း ရှင်းကျန်းဒေသဟာ သဘာဝအရင်းအမြစ်တွေကိုချွေတာပြီး ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်အောင် တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်။ ထို့အတူ ခေတ်မီလယ်ယာစိုက်ပျိုးရေးနည်းစနစ်တွေ၊ ရေချွေတာရေးနည်းစနစ်တွေ၊ စွမ်းအင်ချွေတာရေးနဲ့ ကာဗွန်လျှော့ချရေးနည်းပညာတွေကိုလည်း အသုံးပြုလျက်ရှိပါတယ်။ ရှင်းကျန်းဒေသဟာ စိမ်းလန်းတဲ့စက်မှုဖွံ့ဖြိုးရေးအတွေးအခေါ်ကို လက်ကိုင်ပြုထားတဲ့အတွက် အဓိကစက်မှုလုပ်ငန်းတွေဟာ စရိတ်စကများပြားခြင်းကိုအဆုံးသတ်ပြီး ကာဗွန်လျှော့ချထုတ်လုပ်ရေးဆိုင်ရာ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိပါတယ်။ ရှင်းကျန်းဒေသဟာ ဂေဟစနစ်ထိန်းသိမ်းမှုနဲ့ သဲကန္တာရထိန်းချုပ်မှုမှာလည်း အားကောင်းပါတယ်။ ရှင်းကျန်းဒေသရှိ တာလီမခန်းလို့ခေါ်တဲ့ သဲကန္တာရဟာ တရုတ်နိုင်ငံရဲ့ အကြီးဆုံးသဲကန္တာရကြီးတစ်ခု ဖြစ်ပါတယ်။ အဲဒီသဲကန္တာရကြီးကို အဘက်ဘက်က တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်လျက်ရှိသလို တရုတ်နိုင်ငံရဲ့ အရှေ့မြောက်၊ မြောက်နဲ့ အနောက်မြောက်ဘက်မှာရှိတဲ့ ခါးပတ်လမ်းအစီအစဉ်ရဲ့ အရေးပါတဲ့ အဓိကလုပ်ငန်းစီမံကိန်းတွေကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းတွေဟာ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုရဲ့ မိုးနည်းရေရှားဒေသတွေမှာရှိတဲ့ သဲကန္တာရထိန်းချုပ်မှုအတွက် စံနမူနာကောင်းတွေဖြစ်စေသလို တခြားနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း ကျယ်ပြန့်တဲ့အလားအလာကောင်းတွေကို ဖြစ်စေပါတယ်။

## အရှိန်အဟုန်နဲ့ သစ်လွင်ဆန်းသစ်

ပြည်နယ်နဲ့မြို့တော် ၁၉ ခုကလည်း ရှင်းကျန်းဒေသတိုးတက်အောင် ကူညီလုပ်ဆောင်ပေးသလို ရှင်းကျန်းရဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု ဒေသရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကိုလည်း အဓိကအကောင်အထည်ဖော်လျက်ရှိတဲ့အတွက် ရှင်းကျန်းဒေသဟာ ပွင့်လန်းမှုအရှိဆုံးနဲ့ ဖွံ့ဖြိုးမှုအရှိဆုံးဖြစ်လာပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်မှာ ပိုမိုသွက်လက်ပွင့်လင်းပြီး လှပတဲ့ ရှင်းကျန်းဟာ အနာဂတ်အလားအလာကောင်းတွေကို ပြသနေပြီး ကမ္ဘာကြီးကို အခွင့်အလမ်းကောင်းတွေ ယူဆောင်လာနေပြီဖြစ်ပါတယ်။ တူညီတဲ့ ဆန္ဒတွေသာရှိမယ်ဆိုရင် တောင်တန်းတွေနဲ့ ပင်လယ်တွေဟာ လူတွေကို ဝေးကွာသွားအောင် မစွမ်းဆောင်နိုင်ဘူးဆိုတဲ့ တရုတ်စကားပုံအရ ရှင်းကျန်းဒေသဟာ သူ့ရဲ့နိုင်ငံတကာတံခါးပေါက်တွေကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ထားတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ဆန်းသစ်တီထွင်မှုတွေလည်း အရှိန်အဟုန်နဲ့ သစ်လွင်ဆန်းသစ်လျက်ရှိပါကြောင်း။ ။

**"ရှင်းကျန်းဒေသဟာ စွမ်းအင်နဲ့ ဓာတ်သတ္တုအရင်းအမြစ်တွေ ပေါကြွယ်ဝလှပါတယ်။ စွမ်းအင်နဲ့ ဓာတ်သတ္တု ၁၃ မျိုးဟာ ပထမတန်းစားတွေဖြစ်ပြီး ၅၆ မျိုးကတော့ အဆင့် (၅) မှာ ရှိပါတယ်။ ရှင်းကျန်းဒေသဟာ စွမ်းအင်နဲ့ သဘာဝအရင်းအမြစ်အတွက် အလွန်ကြီးမားကျယ်ပြန့်တဲ့ကုန်းမြေဒေသရှိတဲ့အတွက် အကြီးစားရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်တာတွေ၊ အကြီးစားကျောက်မီးသွေးထုတ်လုပ်တာတွေ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်တာတွေ၊ ကျောက်မီးသွေး ဓာတုအခြေခံစက်ရုံ တည်ဆောက်တာတွေ၊ အကြီးစားလေအားလျှပ်စစ်စက်ရုံ တည်ဆောက်တာတွေ အကြီးအကျယ်လုပ်ဆောင်နေတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးနိုင်တဲ့ သစ်တောမြေတွေ၊ မျက်စိတစ်ဆုံးမြင်နိုင်တဲ့ မြက်ခင်းစိမ်းတွေ၊ လုံလောက်တဲ့ နေရောင်ခြည်ရရှိမှုတွေ၊ သင့်တော်တဲ့ရာသီဥတုတွေက ဆန်စပါးနဲ့ တိရစ္ဆာန်ထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုတွေ၊ အရည်အသွေးမြင့် ဝါဂွမ်းထုတ်လုပ်မှုတွေနဲ့ ထူးခြားကောင်းမွန်တဲ့သစ်သီးတွေ စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာလည်း အလွန်ကိုအထောက်အကူဖြစ်"**

# အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်မီ ထရမ့်နှင့် ဟဲရစ်တို့ အကြိတ်အနယ်မဲဆွယ်




ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန် သမ္မတရွေးကောက်ပွဲမတိုင်မီ ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်တို့ သက်ဆိုင်ရာပြည်နယ်များ၌ မဲဆွယ်စည်းရုံးရေးများ အကြိတ်အနယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အမေရိကန် ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်ထရမ့်သည် ၎င်း၏ဒီမိုကရက်တစ်ပြိုင်ဘက် ကင်မလာဟဲရစ် ထောက်ခံမဲအသာစီးရရှိထားသည့် တောင်ပိုင်း ဗာဂျီးနီးယားပြည်နယ်တွင် ယမန်နေ့က မဲဆွယ်စည်းရုံးရေးပြုလုပ်ခဲ့သည်။

ထရမ့်က ဗာဂျီးနီးယားပြည်နယ် ဆာလမ်မြို့၌ မဲဆွယ်စည်းရုံးခဲ့ရာ ၎င်းအား ထောက်ခံသူ ၇၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

လာမည့်နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲသည် အမေရိကန်သမိုင်းတွင် အရေးအကြီးဆုံးရွေးကောက်ပွဲတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ထရမ့်ကပြောကြားသည်။

ဗာဂျီးနီးယားပြည်နယ်ကို ၂၀၀၈ ခုနှစ်ကတည်းက ဒီမိုကရက်တစ်သမ္မတလောင်းများ အနိုင်ရရှိခဲ့သည့် "အပြာရောင်ပြည်နယ်" အဖြစ် ရှုမြင်ထားသည်။ ဗာဂျီးနီးယားပြည်နယ်၌ မကြာသေးမီက ကောက်ယူခဲ့သည့် စစ်တမ်းတစ်ခုအရ ဟဲရစ်သည် ထောက်ခံမဲ ၄၉ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေပြီး ထရမ့်က ၄၄ ရာခိုင်နှုန်းရရှိခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲဖြစ်စဉ်များတွင် ထရမ့်သည် ၎င်း၏ပြိုင်ဘက် ဟီလာရီကလင်တန် ထောက်ခံမဲအသာစီးရရှိသည့် မစ်ချီဂန်ပြည်နယ်အပါအဝင် အခြားပြည်နယ်များ၌ မဲဆွယ်စည်းရုံးမှုများကို အလေးပေးလုပ်ဆောင်ခဲ့သည်။

ယင်းသို့ လုပ်ဆောင်ခြင်းသည် ထရမ့်အား ထောက်ခံမှုကို ပိုမိုကျယ်ပြန့်စေပြီး ရွေးကောက်ပွဲတွင် အနိုင်ရရန် အထောက်အကူပေးသည်ဟု ယူဆရသည်။ ထရမ့်သည် လွန်ခဲ့သောရှစ်နှစ်က ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်အတိုင်း ပြန်လည်လုပ်ဆောင်ရန် ရည်မှန်းထားပုံပေါ်သည်။

တစ်ဖက်ကလည်း ဒုတိယသမ္မတ ဟဲရစ်သည် ဂျော်ဂျီယာနှင့် မြောက်ကာရိုလိုင်းနားပြည်နယ်တို့၌ နိုဝင်ဘာ ၂ ရက်တွင် မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ခဲ့သည်။

နိုင်ငံ့အရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ပါတီနှင့် ကိုယ်ကျိုးကို အမြဲစွန့်လွှတ်ပြီး နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေ့တန်းတင်ကာ ဆုံးဖြတ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြောက်ကာရိုလိုင်းနားပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သည့် ချားလော့၌ မဲဆွယ်စည်းရုံးစဉ် ဟဲရစ်က ပြောကြားခဲ့သည်။ အဆိုပါ မဲဆွယ်စည်းရုံးရေးအခမ်းအနားသို့ ထောက်ခံသူ ၁၀၀၀၀ ကျော် တက်ရောက်ခဲ့သည်။

မတူကွဲပြားမှုများကို လက်ကိုင်ထားပြီး အနာဂတ်ဆီသို့ အတူတကွလျှောက်လှမ်းကြရန် ရော့ခ်အကျော်အမော် ဘွန်ဂျိုဗီက ပြောကြားပြီး ဟဲရစ်ကို ထောက်ခံမဲများပေးရန် မဲဆန္ဒရှင်ပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးအား ပြန်လည်တုံ့ပြန်တိုက်ခိုက်မည်ဟု အီရန်ခေါင်းဆောင် ပြောကြား

တီဟီရန် နိုဝင်ဘာ ၃




အီရန်နိုင်ငံရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များအား မကြာသေးမီက အစ္စရေး၏ လေကြောင်းတိုက်ခိုက်ခဲ့ခြင်းအပေါ် ပြန်လည်တုံ့ပြန်တိုက်ခိုက်မည်ဟု အီရန်ခေါင်းဆောင် အယာတိုလာ အလီ ခိုမေနီက ပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အမေရိကန်သံရုံးအား အီရန်ကျောင်းသားများက စီးနင်းတိုက်ခိုက်မှု ၄၅ နှစ် ပြည့်မြောက်သည့်အခမ်းအနားတွင် ၎င်းက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အစ္စရေးနှင့် အမေရိကန်အပါအဝင် အီရန်နိုင်ငံကို တိုက်ခိုက်လာသည့် မည်သည့်ရန်သူကိုမဆို ပြတ်ပြတ်သားသား တုံ့ပြန်တိုက်ခိုက်မည်ဟု ခိုမေနီက မှတ်ချက်ပြုပြောကြားသည်။

အီရန်က အစ္စရေးအား လာမည့်ရက်များအတွင်း တိုက်ခိုက်မည်ဟု ပြောကြားသော်လည်း တိုက်ခိုက်မည့်ပုံစံနှင့် အချိန်ကာလကို ခိုမေနီက ထည့်သွင်းပြောကြားခြင်းမရှိပေ။

မကြာသေးမီက အီရန်က အစ္စရေးအား ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သောကြောင့် အစ္စရေးကလည်း အီရန်နိုင်ငံအား လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ လက်ရှိအချိန်တွင် အီရန်နိုင်ငံက အစ္စရေးအား ထပ်မံတိုက်ခိုက်ပါက အရှေ့အလယ်ပိုင်းဒေသတွင် စစ်ဆင်နွှဲမှုများ ပြီးဆုံးတော့မည်မဟုတ်ကြောင်း နိုင်ငံရေးလေ့လာသူများက သတိပေးပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# ဗြိတိန်၏ အကြီးဆုံးအတိုက်အခံ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ် ကီမီဘာဒန်နော့ချ်ကို ရွေးချယ်တင်မြှောက်



လန်ဒန် နိုဝင်ဘာ ၃

ဗြိတိန်၏ အကြီးဆုံးအတိုက်အခံ ကွန်ဆာဗေးတစ်ပါတီသည် ၎င်း၏ခေါင်းဆောင်အဖြစ် ကီမီဘာဒန်နော့ချ်ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်းသိရသည်။ ကီမီဘာဒန်နော့ချ်သည်ဗြိတိန်နိုင်ငံရေးပါတီကြီးကို ဦးဆောင်သည့် ပထမဆုံးလူမည်းအမျိုးသမီးဖြစ်လာသည်။

ဝန်ကြီးချုပ်ဟောင်း ဆွန်နက်၏နေရာကို ဆက်ခံမည့်သူအား ရွေးချယ်ရန် ပါတီ၏မဲရလဒ်များကို နိုဝင်ဘာ ၂ ရက်တွင် ပါတီက ကြေညာခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဟောင်းဖြစ်သည့် ကီမီဘာဒန်နော့ချ်သည် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဟောင်း ရောဘတ်ဂျင်ရစ်ကို ထောက်ခံမဲအသာစီးဖြင့် အနိုင်ရခဲ့သည်။

ကီမီဘာဒန်နော့ချ် ဦးဆောင်သည့် ကွန်ဆာဗေးတစ်ပါတီသည် အရှုပ်တော်ပုံများနှင့်ရင်ဆိုင်ခဲ့ရပြီး ပြီးခဲ့သည့်ဇူလိုင်လ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ရသည်။ ယင်းရှုံးနိမ့်မှုသည် ၁၄ နှစ်အတွင်း ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

အသက် ၄၄ နှစ်ရှိ ကီမီဘာဒန်နော့ချ်ကို နိုင်ဂျီးရီးယားနိုင်ငံ၌ မွေးဖွားခဲ့ပြီး အသက် ၁၆ နှစ်တွင် ဗြိတိန်နိုင်ငံသို့ ပြောင်းရွှေ့လာခဲ့ကြောင်း သိရသည်။

သူမ၏ လက်ယာယိမ်း ရပ်တည်ချက်နှင့် ရွှေ့ပြောင်းအခြေချသူများကို သတိထားလက်ခံခြင်းစသည့် သဘောထားတို့ကြောင့် လူသိများသည်။

ကွန်ဆာဗေးတစ်ပါတီ၏ ပထမဆုံး လူမည်းခေါင်းဆောင် ထွက်ပေါ်လာခြင်းသည် တိုင်းပြည်အတွက် ဂုဏ်ယူစရာဖြစ်ကြောင်းနှင့် ဗြိတိန်ပြည်သူများ၏ အကျိုးစီးပွားအတွက် လက်တွဲဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီရာစတားမားက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ တရုတ်ယဉ်ကျေးမှုမြှင့်တင်ရေးအခမ်းအနား ကျင်းပ



ဗလာဒီဗော့စတော့ နိုဝင်ဘာ ၃

တရုတ်ယဉ်ကျေးမှုမြှင့်တင်ရေး အခမ်းအနားကို ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ နိုဝင်ဘာ ၂ ရက်က ကျင်းပရာ တရုတ်ယဉ်ကျေးမှုမြတ်နိုးသူများ၊ ကျောင်းသားများနှင့် ဒေသခံများ တက်ရောက်ကြကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အဆိုပါ အခမ်းအနားသည် တရုတ်-ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် တရုတ်-ရုရှား ယဉ်ကျေးမှုနှစ်ကို ဂုဏ်ပြုရန်အတွက် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ တရုတ်ကောင်စစ်ဝန်ချုပ် ပီယိုယန်ဖန်းက ပြောကြားသည်။

ထို့ပြင် တရုတ်-ရုရှားနှစ်နိုင်ငံအကြား ယဉ်ကျေးမှုမြှင့်တင်ရေးဆိုင်ရာ အလားအလာများ တိုးတက်စေပြီး နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှု ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသည် နှစ်နိုင်ငံ ပြည်သူများအကြား နှစ်ပေါင်းများစွာ တည်ရှိလာသည့် ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း ဗလာဒီဗော့စတော့ ဒုတိယမြို့တော်ဝန်ဒါရီယာ စတက်နေးက ပြောကြားသည်။

အခမ်းအနားတွင် တရုတ်လူမျိုးစုများအကြောင်း တင်ဆက်ခြင်း၊ ရိုးရာယဉ်ကျေးမှုအကများ၊ လက်ဖက်ရည်ပွဲများ၊ စာလုံးအလှများ ရေးဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်းနှင့် အလှစက္ကူဖြတ်ခြင်း တို့ကို ပြသခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တပ်ကုန်း၊ ကျိုက်ထိုနှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



အေးမင်းပိုင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၃

တပ်ကုန်း၊ ကျိုက်ထိုနှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၃ နာရီတွင် တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာအနီးတွင် အောင်ဇော်မင်း(ခ)အောင်မင်း မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာအနီးတွင် အေးမင်းပိုင် မောင်းနှင်လာသည့် TOYOTA PASSO အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ ရပ်ကွက် (၄) စွယ်တော်လမ်းနေ ရဲရင့်အောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီတွင် နမ့်စန်မြို့ ရပ်ကွက် (၄) စွယ်တော်လမ်းနေ မျိုးဝင်းထွန်း(ခ)ကိုလင်း၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ဖ၀၀၀ ကိုလည်းကောင်း၊ နံနက် ၁၁ နာရီတွင် နမ့်စန်မြို့နယ် အမှတ်(၅)ကျေးရွာအုပ်စု အမှတ် (၇)ကျောက်တောင်နေ မရီ၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ




အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

နေပြည်တော် နိုဝင်ဘာ ၃

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၈၂၉၆၆၅၇၄ ကျပ်) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၃၀၆၉၃၅၀၀ ကျပ်) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၁၃၆၆၀၀၇၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပင်းတယ- အောင်ပန်းလမ်းပိုင်းရှိ ပွေးလှကျေးရွာ ရွာငံလမ်းခွဲအနီး၌ ရွာငံမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၈၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၈၈၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Corwn ယာဉ်တစ်စီးနှင့် JAC Truck ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၉၃ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၅၀၁၉၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃၁ ရက်၊ နိုဝင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၆၇၄၅၉၅၂၆၆ ကျပ်) ကိုသိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူ ပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၁-၂၀၂၄ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓပရိတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၂၀ ဝါသီးနှံ သီးညှပ်စိုက်ပျိုးဝင်ငွေနှစ်ဆတိုး
- ၀၉:၄၀ ရတနာအလားကမ္ဘာယဉ်ကျေးမှု အမွေအနှစ်များ
- ၁၀:၃၅ တန်ဖိုးမဖြတ်နိုင်သောကျန်းမာရေး လက်ဆောင်မွန် 'ယောဂလေ့ကျင့်ခန်း'
- ၁၁:၃၀ ဘဝနှင့်အနုပညာ 'ချိုသံသာတေးအလှဝေဖြာ' (အပိုင်း-၁) 'တေးသံရှင် - စည်သူထား'
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၀)
- ၁၃:၃၀ MRTV National News
- ၁၄:၄၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၁၀ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- ၁၆:၄၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၂၅ This Week's Special Interest
- ၁၇:၄၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ တန်ဆောင်တိုင်တေးများ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဒုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၁၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၀)

**mitv**

- 07:01 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn
- 07:09 Three Beautiful Islands
- 07:29 The Largest Nunnery In Myanmar
- 08:01 News
- 08:26 Commercial Farming to GDP Growth, Cassava Grower
- 08:44 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-9)
- 09:01 Asia Updates: Archaeology- Making the Invisible Visible!
- 09:41 Tha Khut Salad (Myanmar Style)
- 09:55 Dances of Myanmar: Enn Traditional Dance
- 10:01 News
- 10:26 Topical Topics: Usefulness of Bamboo
- 10:37 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-1)
- 11:01 Beach Food Delivery

**MRTV NRC**

- ဝ (၀၆:၀၀ မှ ၀၈:၀၀) ထူးဆန်းဖွယ်ရာဝဝေလေ့ရိုးရာ
- ကချင် (၀၈:၀၀ မှ ၁၀:၀၀) သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
- ကယား (၁၀:၀၀ မှ ၁၂:၀၀) ဒေါလဲဒ္ဓရွာအကြောင်း
- ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀) ဝရိုးရာမုန့်ညှင်းဆန်လှော်ဟင်းရည်နှင့် အမဲသားထောင်း
- အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀) ဖိုင်းဖြူရွာကရေလုပ်သားကြီးဘဝ
- အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀) လိုင့်ထောင်ဖလာမစ်ရေတံခွန်သို့
- ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀) တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၁)
- ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀) ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး
- မွန် (၁၇:၀၀ မှ ၁၉:၀၀) ရာမညမြေမှ အလှတရားများ (အပိုင်း-၂)
- ရခိုင် (၁၉:၀၀ မှ ၂၁:၀၀) ငှက်ပျောရွက်ရဲ့ကျန်းမာရေးအသုံးဝင်ပွဲ
- ရှမ်း (၂၁:၀၀ မှ ၂၃:၀၀) ပေပေါင်း(၀၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ Weekly Selected News
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံဝမ်းပဲ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- ၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၀)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝါသီးနှံသီးညှပ်စိုက်ပျိုးဝင်ငွေနှစ်ဆတိုး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Tip & Tricks
- ၁၈:၃၅ Rose Tour
- ၁၉:၀၀ Day in the Life of a Small Farm p-1
- ၁၉:၄၅ International Music Hits
- ၂၂:၀၀ တိတ်ဆိတ်ခြင်း(ဇာတ်လမ်း)
- ၁၉:၄၅ Seven Success Stories From Northeastern Thailand

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ School of Football
- ၁၁:၀၀ အားကစားသတင်း
- ၁၄:၀၀ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (ISPE FC Vs Dagon Star Unitef FC)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများ ဖွင့်ပွဲကျင်းပ



မုံရွာ နိုဝင်ဘာ ၃

၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

**ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြိုင်ပွဲဝင်အားကစားအသင်းများမှ အသင်းအုပ်ချုပ်သူများနှင့် ဘင်ခရာ/ပန်းဖွား၊ Fitness Dance၊ အလံကိုင်၊ ဆိုင်းဘုတ်ကိုင်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာ/ပန်းဖွား၊ Fitness Dance တို့ဖြင့် တီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဘောလုံးအဖွင့်ပွဲစဉ်အဖြစ် ပညာရေးဒီဂရီကောလိပ်အသင်းနှင့် ပဋ္ဌာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးကြရာ ပညာရေးဒီဂရီကောလိပ်အသင်းက ပဋ္ဌာအားမာန်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများအား နိုဝင်ဘာ ၃ ရက်မှ ၂၅ ရက်အထိ အားကစားနည်း ၁၁ နည်းဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပြိုင်ပွဲအသင်း ၁၄ သင်းမှ ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၁၂၄၀ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Ye Htet Naing” Facebook အကောင့်နှင့် “Ye Htet” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ခြောက်မိုင်ကျွဲခြံကုန်းရပ်ကွက်နေ ရဲထက်နိုင်(ခ)အိုပိုက်စ်နှင့် တစ်ရပ်ကွက်တည်းနေ “Min Htet Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းထက်နိုင်(ခ) ကေကဘားတို့အား ညနေ ၅ နာရီခွဲတွင် မြိုင်သာယာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းယောင်းမြို့၌ ကုန်ဈေးနှုန်းမြင့်တက်မှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

မိုင်းယောင်း နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေးအတွက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ဆွေးနွေးပြောကြား**

ထိုသို့စစ်ဆေးရာတွင် ဟောင်ကြန့်ကျေးရွာအုပ်စု နမ့်ယွန်းကျေးရွာနှင့် ရဲဘော်ဟောင်းကျေးရွာတို့ရှိ ဆန်ဆိုင်များနှင့် အမှတ်(၃)ရပ်ကွက်ရှိ ရွှေပြည့်စုံဆိုင်တို့အား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေး၊ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်ရှိ ယူရီးယားမြေသြဇာများ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှုရှိ/မရှိကို စစ်ဆေးပြီး ဖြန့်ဖြူးရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရန်နှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမပြုလုပ်ရန် ဈေးဆိုင်ပိုင်ရှင်များအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❖ **ဟံသာဝတီမှ**

ထိပ်တိုက်တွေ့ဆုံမှုမှာ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး နှစ်သင်းစလုံးအတွက် နစ်နာသည့်ပွဲဖြစ်ခဲ့သည်။ ဟံသာဝတီနှင့် ရန်ကုန်အသင်းတို့ သရေကျမှုကို ရှမ်းယူနိုက်တက်အသင်းသာ အပြည့်အဝအသုံးချနိုင်ပါက ရမှတ်ပိုသာသွားနိုင်သည်။

နှစ်သင်းစလုံး အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ ပထမပိုင်းတွင် ဟံသာဝတီအသင်းက အသာရခဲ့ပြီး ဦးဆောင်ဂိုးများလည်း သွင်းယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ပွဲအစ ၁၁ မိနစ်တွင် သန်းတိုးအောင်သွင်းယူသည့်ဂိုးများဖြင့် ဦးဆောင်နိုင်သလို ၃၃ မိနစ်တွင် အောင်မြတ်သူက ဒုတိယဂိုးထပ်သွင်းကာ ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးပြန်ရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ခြောက်မိနစ်အတွင်း နှစ်ဂိုးပြန်သွင်းကာ သရေရလဒ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၅၅ မိနစ်တွင် ဥက္ကာနိုင်နှင့် ၆၁ မိနစ်တွင် ဝေလင်းအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဝေလင်းအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၃၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၃၁ မှတ် ရရှိထားသည်။

ပွဲစဉ်(၁၃)ဒုတိယနေ့ကို နိုဝင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ မြဝတီအသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှား မှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ရေဘေးသင့် ကျွန်းဦးခေတ်မီစံပြကျေးရွာမှ သမဝါယမအသင်း အသေးစားအကြော်ဖိုလုပ်ငန်းများ ပြန်လည်နိုးထခြင်း ...

ခန့်ဇော်(ကျေးလက်)

ရေဘေးသင့်ခဲ့တဲ့ကျေးရွာတွေထဲမှာ ကျွန်းဦးစံပြကျေးရွာလည်း ပါဝင်ခဲ့ပါတယ်။ ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာဟာ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product– OROP) ပုံစံနဲ့ ပဲလှော်၊ ပဲကြော်လုပ်ငန်းကို အဓိကလုပ်ကိုင်တဲ့ကျေးရွာဖြစ်ပြီး ကျေးရွာအတွင်း ပဲလှော်လုပ်ငန်းရှင် ၁၃ ဦး ရှိတယ်လို့ သိရပါတယ်။ ဒ့ါအပြင် ကြက်သွန်ပေါင်းကြော်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ စာလေးခွေ လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ ဆီစက်လုပ်ငန်းရှင် တစ်ဦးနဲ့ မာလာရှမ်းကောရောင်းချသူ တစ်ဦးရှိတာလည်း တွေ့ရပါတယ်။

ကျွန်းဦးရွာကို ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လ ဘတ်ဂျက်မှာ နေပြည်တော်တိုင်းဒေသကြီးအတွင်း ခေတ်မီစံပြကျေးရွာအဖြစ် စတင်အကောင်အထည် ဖော် ဆောင်ရွက်ခဲ့တာဖြစ်ပြီး အသေးစားကုန်ထုတ် လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ရွာ၊ ထုတ်ကုန်တစ်ခု ကောင်းကောင်း ထုတ်လုပ်နိုင်မှုရှိတဲ့ ရွာဖြစ်တာကြောင့် သတ်မှတ်စံနှုန်းတွေနဲ့ ကိုက်ညီတဲ့အတွက် စံပြကျေးရွာအဖြစ် ဆောင်ရွက်ဖို့ ရွေးချယ်ခဲ့ကြတာ ဖြစ်ပါတယ်။

၁၈-၉-၂၀၂၄ ရက်နေ့မှာ ရေဘေးကယ်ဆယ်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းခရီးစဉ်နဲ့ ကျွန်းဦးကျေးရွာကိုရောက်တော့ အကြော်ဖိုအားလုံး ရေကြီးနစ်မြုပ်ခဲ့ပြီး ကုန်ကြမ်းတွေအားလုံး ရေမြုပ်ပျက်စီးခဲ့ကြောင်း၊ အသေးစားလုပ်ငန်းတွေဖြစ်တဲ့ ပဲလှော်ဖိုတွေ ပြန်လည်လည်ပတ်နိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ဖို့နဲ့ ကုန်ကြမ်းအတွက် အရင်းအနှီးတွေ လိုအပ်ကြောင်း ကျေးရွာက တင်ပြကြပါတယ်။ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌလည်း ဖြစ်တဲ့ ပြည်ထောင်စုဝန်ကြီးက ပဲလှော်ဖိုတွေ ပြန်လည်ပြင်ဆင်လည်ပတ်နိုင်ရေးအတွက် သမဝါယမပုံစံ အသင်းအဖွဲ့တွေ ဖွဲ့စည်းပြီး ဆောင်ရွက်မယ်ဆိုပါက အတိုးနှုန်းသက်သာတဲ့ သမဝါယမချေးငွေနဲ့ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတွေက ၂၈-၉-၂၀၂၄ ရက်နေ့မှ ၃-၁၀-၂၀၂၄ ရက်နေ့အထိ ကွင်းဆင်းစည်းရုံး ဆောင်ရွက်ခဲ့ကြပါတယ်။ တကယ်က လုပ်ငန်းရှင်တွေသာ အခက်အခဲ တွေ့ရတာမဟုတ်ဘဲ အကြော်ဖိုမှာ အလုပ်လုပ်ကိုင်နေကြတဲ့ လုပ်သား ၁၂၀ ခန့်လည်း အလုပ်လက်မဲ့ ဖြစ်ခဲ့ရတာကို တွေ့ရှိခဲ့ရပါတယ်။ အဲဒါကြောင့် အကြော်ဖိုတွေ ပြန်လည်လည်ပတ်နိုင်ဖို့ အရေးတကြီးလိုအပ်နေတာကို တွေ့ရှိရပါတယ်။ စည်းရုံးဆောင်ရွက်မှုအရ လုပ်ငန်းရှင်တွေနဲ့ အလုပ်သမားတွေပါ ပါဝင်တဲ့ သမဝါယမအသင်းဖွဲ့စည်းစေကာ အရင်းအနှီး ပြန်လည်ထုတ်ချေးပြီး လုပ်ငန်းတွေ ပြန်လည်လည်ပတ်ဆောင်ရွက်စေခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကျွန်းဦးစံပြကျေးရွာရှိ ပဲလှော်ဖို၌ လုပ်ငန်းပြန်လည် လည်ပတ်နေမှု ကွင်းဆင်းစစ်ဆေးစဉ်။

ဒီလို ဆောင်ရွက်နိုင်ခြင်းအားဖြင့် အောက်ပါ အကျိုးကျေးဇူးတွေရရှိတာကို တွေ့ရှိရပါတယ်-

(က) ထုတ်ကုန်တွေ ပြန်လည်ထုတ်လုပ်နိုင်ပြီး ဝင်ငွေရရှိခြင်း၊
(ခ) သက်သာသော ချေးငွေရရှိပြီး လုပ်ငန်းတွေ လည်ပတ်နိုင်ခြင်း၊
(ဂ) အလုပ်သမားတွေ အလုပ်အကိုင်အခွင့်အလမ်း ပြန်လည်ရရှိခြင်း၊
(ဃ) ကုန်ကြမ်းတွေ ဝယ်ယူထုတ်လုပ်ခြင်းဖြစ်လို့ စိုက်ပျိုးထုတ်လုပ်မှုအတွက် ဈေးကွက်အခွင့်အလမ်းရရှိခြင်းတို့ ဖြစ်ပါတယ်။

**သက်သာတဲ့ချေးငွေ**

ချေးငွေထုတ်ချေးပေးခြင်းကိုတော့ ၅-၁၀-၂၀၂၄ ရက်နေ့မှာ တစ်ဖိုကို ငွေကျပ် ၂၅ သိန်းနှုန်းနဲ့ လုပ်ငန်းတွေ ပြန်လည်လည်ပတ်နိုင်ဖို့အတွက် သမဝါယမဦးစီးဌာနက ငွေကျပ် သိန်း ၁၄၀၀ ကျော် ထုတ်ချေးပေးခဲ့ပါတယ်။ အတိုးနှုန်းမှာ တစ်ကျပ်ခွဲနှုန်းဖြစ်ပေမယ့် ပြန်ဆပ်ချိန်မှာ တစ်ကျပ် ၁၀ ပြားသာ ပေးဆပ်ရမှာဖြစ်ပြီး ကျန်ပြား ၄၀ ကို ကျေးရွာက ဖွဲ့စည်းထားတဲ့ သမဝါယမအသင်းရန်ပုံငွေအဖြစ် ထားရှိခဲ့မှာ ဖြစ်ပါတယ်။

ချေးငွေပေးဆပ်ကာလမှာ တစ်နှစ်ခွဲဖြစ်ပြီး ပထမခြောက်လမှာ အတိုး၊ ဒုတိယခြောက်လမှာ အရင်း၊ အတိုးနဲ့ ကျန်ရှိတဲ့ အတိုးတစ်ဝက်နဲ့ အရင်းတွေကို တတိယခြောက်လမှာ ပေးဆပ်ရမှာ ဖြစ်ပါတယ်။ ကျွန်းဦးကျေးရွာဟာ လူထုဗဟိုပြုစီမံကိန်း (CDD) ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံအပြင် စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်တာ သုံးနှစ်အတွင်း ရောက်ရှိပြီးဖြစ်လို့ ကော်မတီဝင်တွေ အပါအဝင် ကျေးရွာသူ ကျေးရွာသားတွေဟာ အတွေ့အကြုံရှိပြီး လုပ်ငန်းတွေကျွမ်းကျင်မှုရှိတာကြောင့် ၇-၁၀-၂၀၂၄ ရက်နေ့မှာပဲ ပဲလှော်၊ ပဲကြော်ဖို ၁၈ ဖိုအနက် ၁၀ ဖို စတင်လည်ပတ်လုပ်ကိုင်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ၃၀-၁၀-၂၀၂၄ ရက်နေ့မှာ ၁၀၀ ရာခိုင်နှုန်း အားလုံးပြန်လည်နိုးထ လည်ပတ်နိုင်နေပြီဖြစ်ပါတယ်။

**ကွင်းဆင်းစည်းရုံးတဲ့ပုံစံနဲ့ အတွေ့အကြုံများ**

သမဝါယမဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေမှ တာဝန်ရှိသူတွေအနေနဲ့ ကျွန်းဦးကျေးရွာကို ကွင်းဆင်းသွားရောက်ပြီး လုပ်ငန်းတွေ ပျက်စီးဆုံးရှုံးတဲ့ ကျေးရွာသူကျေးရွာသားတွေနဲ့တွေ့ဆုံကာ ၎င်းတို့ရဲ့လုပ်ငန်းတွေကို အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်တွေကို မေးမြန်းရာမှာ သောက်သုံးရေ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ အရင်းအနှီးလိုအပ်ကြောင်း သိရှိခဲ့ရပါတယ်။ အဲဒါကြောင့် ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ကျွန်းဦးကျေးရွာရှိ ပဲကြော်၊ ပဲလှော်လုပ်ငန်းတွေနဲ့ အခြားလုပ်ငန်းတွေ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ဖို့အတွက် သက်သာတဲ့အတိုးနှုန်းနဲ့ ချေးငွေတွေကို ထုတ်ချေးပေးခဲ့ပါတယ်။

**အခြားအထောက်အပံ့**

၇-၁၀-၂၀၂၄ ရက်နေ့က ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းစစ်ဆေးရာမှာ ကျွန်းဦးကျေးရွာမှာ ရေဝပ်နေပြီး ၆-၁၀-၂၀၂၄ ရက်နေ့အထိ ရေပြန်မကျသဲဖြစ်နေသေးတာကြောင့် ချေးငွေရရှိပေမယ့် အချို့အကြော်ဖိုတွေ လုပ်ငန်းပြန်လည်မစတင်နိုင်သေးတာကို သိရှိခဲ့ရပါတယ်။ အဲဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်းစစ်ဆေးပြီး လိုအပ်တဲ့နေရာတွေမှာ ရေဖောက်ထုတ်ခြင်း၊ ရေမြောင်းတွေ၊ ဆည်မြောင်းတွေ မွမ်းမံဆောင်ရွက်ပေးခဲ့တာကြောင့် အကြော်ဖိုအားလုံး ပြန်လည်ပြင်ဆင်လည်ပတ်နိုင်ခဲ့ပါတယ်။

ကျွန်းဦးကျေးရွာအတွင်း လမ်းတွေရှင်းလင်းခြင်း၊ အမှိုက်တွေရှင်းလင်းခြင်း၊ ရေရရှိရေး ဆောင်ရွက်ပေးခြင်းတို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ စက်ယန္တရားကြီးတွေ အကူအညီနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ဌာနဆိုင်ရာအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နေပြည်တော်ကောင်စီရဲ့ကြီးကြပ်မှု၊ ကျေးရွာသူကျေးရွာသားတွေရဲ့ ကြံ့ကြံ့ခံတုံ့ပြန်ဆောင်ရွက်မှုတွေကြောင့် ခေတ်မီစံပြကျေးရွာဖြစ်တဲ့ ကျွန်းဦးကျေးရွာဟာ ပြန်လည်နိုးထလာခဲ့ပါပြီ။ ပေါင်းစည်းညီညွတ်မှု၊ ကျေးရွာရဲ့ပူးပေါင်းပါဝင်မှုတွေရဲ့ အမြင့်သာဆုံးသော အကျိုးရလဒ်ဖြစ်ပါတယ်။ ကျန်ရေဘေးသင့်ကျေးရွာတွေလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ ဦးဆောင်မှုနဲ့ များမကြာမီအချိန်အတွင်းမှာ အင်တိုက်အားတိုက်ဆိုသလို နိုးထလာကြတော့မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

❖ **အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်တဲ့ ပြည်ထောင်စုဝန်ကြီးက ပဲလှော်ဖိုတွေ ပြန်လည်ပြင်ဆင်လည်ပတ်နိုင်ရေးအတွက် သမဝါယမပုံစံအသင်းအဖွဲ့တွေ ဖွဲ့စည်းပြီး ဆောင်ရွက်မယ်ဆိုပါက အတိုးနှုန်းသက်သာတဲ့ သမဝါယမချေးငွေနဲ့ ဆောင်ရွက်ပေးမှာဖြစ်**

❖ **တကယ်က လုပ်ငန်းရှင်တွေသာ အခက်အခဲတွေ့ရတာမဟုတ်ဘဲ အကြော်ဖိုမှာ အလုပ်လုပ်ကိုင်နေကြတဲ့ လုပ်သား ၁၂၀ ခန့်လည်း အလုပ်လက်မဲ့ဖြစ်ခဲ့ရတာကို တွေ့ရှိခဲ့ရပါတယ်။ အဲဒါကြောင့် အကြော်ဖိုတွေ ပြန်လည်လည်ပတ်နိုင်ဖို့ အရေးတကြီးလိုအပ်နေတာကို တွေ့ရှိရ**



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကျွန်းဦးစံပြကျေးရွာရှိ ပဲလှော်ဖို၌ လုပ်ငန်းပြန်လည် လည်ပတ်နေမှု ကွင်းဆင်းစစ်ဆေးစဉ်။

# ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုပါ

မေယု-မျိုးအောင် (MANA)

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုဆိုးရွားစွာပြောင်းလဲမှုကို ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ရာ မိုးရာသီတွင် ရေကြီးမှု၊ နွေရာသီတွင် အပူချိန်မြင့်မားခြင်းကြောင့် သောက်သုံးရေရှားပါးမှု၊ ဆောင်းရာသီကာလတိုတောင်းမှုဒဏ်များကို နှစ်အနည်းငယ်အတွင်း ပြင်းပြင်းထန်ထန်ခံစားလာကြရသည်။ ထိုသို့သော အခြေအနေမျိုးအတွက် အကြောင်းရင်းများစွာရှိသော်လည်း လူသားတို့၏ ပယောဂကြောင့် သစ်ပင်၊ သစ်တောများပြုန်းတီးခြင်းမှာ အဓိကအချက်ဖြစ်သည်။ သစ်တောပြုန်းတီးခြင်း၏ အဓိကအကြောင်းရင်းများအနက် လောင်စာအတွက် ထင်း၊ မီးသွေးထုတ်ယူခြင်းသည်လည်း အပါအဝင်ဖြစ်သည်။ လျှပ်စစ်မီးမရရှိနိုင်သေးသည့် ဒေသများ၌ သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန်မှာ ထင်းအစားထိုးအခြားလောင်စာသုံးစွဲခြင်းနှင့် ထင်းအကုန်အကျသက်သာစေသည့် စွမ်းအားမြှင့်မီးဖိုသုံးစွဲခြင်းဖြစ်သည်။ စွမ်းအားမြှင့်မီးဖိုဆိုသည်မှာ ရိုးရိုးထင်းမီးဖိုဖြင့် အသုံးပြုပါက ထင်းတစ်ပိဿာ အသုံးပြုရသော်လည်း စွမ်းအားမြှင့်မီးဖိုဖြင့် အသုံးပြုပါက ထင်း ၄၀ ကျပ်သားသာ ကုန်ကျသည့်မီးဖိုအမျိုးအစားဖြစ်သည်။ ကျေးလက်ပြည်သူများအနေဖြင့် တစ်နှစ်လျှင် ထင်း ၂ ဒသမ ၅ တန် သုံးစွဲရသော်လည်း စွမ်းအားမြှင့်မီးဖိုတစ်လုံး သုံးစွဲပါက တစ်နှစ်စာအတွက် ထင်းတစ်တန် ချွေတာနိုင်သည်။ ထင်းသုံးစွဲမှု၊ သဘာဝတောများအပေါ် မှီခိုမှုလျော့ကျလာပြီး အချိန်ကုန်၊ ငွေကုန် သက်သာမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အိမ်ထောင်စုအားလုံး၏ ၆၉ ရာခိုင်နှုန်းခန့်သည် အစားအစာချက်ပြုတ်စားသောက်ရန်လောင်စာအဖြစ် သစ်သား၊ ထင်းများကို အသုံးပြုလျက်ရှိသည်။ ကျေးလက်တွင် အိမ်ထောင်စု ၈၆ ရာခိုင်နှုန်းခန့်သည် အစားအစာချက်ပြုတ်ရန်လောင်စာအဖြစ် သစ်သား၊ ထင်းကို အသုံးပြုကြပြီး ၅ ဒသမ ၆ ရာခိုင်နှုန်းသာ လျှပ်စစ်မီးကို အသုံးပြုသည်။ မြို့ပြတွင် အိမ်ထောင်စု ၅၂ ရာခိုင်နှုန်းသည် သစ်သား၊ ထင်း သို့မဟုတ် မီးသွေး၊ လောင်စာတောင့်ကို အသုံးပြုကြသည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းမှရရှိလာသော အချက်အလက်များအရ နေအိမ်အဆောက်အအုံတွင် အစားအစာချက်ပြုတ်ရန်အတွက် အဓိကအသုံးပြုသည့်လောင်စာအမျိုးအစားများမှာ သစ်သား၊ ထင်း ၅၃ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး လျှပ်စစ်ဓာတ်အားမှာ ၃၇ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး ဖြစ်သည်။ မီးသွေး၊ လောင်စာတောင့် ၆ ဒသမ ၄ ရာခိုင်နှုန်း၊ ဘိုင်အိုဂက်စ် ၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် အခြားလောင်စာအမျိုးအစားများမှာ တစ်ရာခိုင်နှုန်းထက် လျော့နည်းသည်။

**စွမ်းအားမြှင့်မီးဖိုများ ဦးစားပေးသုံးစွဲကြရန် လိုအပ်**

မြန်မာနိုင်ငံတွင် ထင်းလောင်စာအသုံးပြုမှုအများဆုံးမှာ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဖြစ်ကြသည်။ စစ်တမ်းများအရ ကျေးလက်နှင့် မြို့ပြပြည်သူများအတွက် ထင်းလိုအပ်ချက်မှာ တစ်နှစ်လျှင် ကုဗတန် ၁၆ ဒသမ ၅၃ သန်းခန့်ရှိပြီး ထင်း၊ မီးသွေးသုံးစွဲမှုပမာဏမှာ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းအထိရှိသည်။ အုတ်ဖုတ်ခြင်းအပါအဝင် မြို့ပြရှိ စက်ရုံ၊ အလုပ်ရုံများသည်လည်း ထင်း၊ မီးသွေးလောင်စာအသုံးပြုမှု ပိုမိုများပြားလျက်ရှိရာ လောင်စာသုံးစွဲမှု အချိုးအစားကို ပြောင်းလဲနိုင်ခြင်းမရှိပါက အနာဂတ်တွင် ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု ပိုမိုများပြားလာပြီး မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ဆက်လက်ရင်ဆိုင်ကြရမည်ဖြစ်သည်။ စွမ်းအားမြှင့် မီးဖိုတစ်လုံးသုံးစွဲပါက တစ်နှစ်စာအတွက် ထင်းတစ်တန်ချွေတာနိုင်ခြင်း၊ ထင်းသုံးစွဲမှု၊ သဘာဝသစ်တောများအပေါ် မှီခိုမှုလျော့ကျလာပြီး အချိန်ကုန်၊ ငွေကုန်သက်သာစေခြင်း၊ ကာဗွန်ထုတ်လွှတ်မှုနည်းပါးစေခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်းနှင့် သဘာဝဘေးအန္တရာယ်များကို လျှော့ချစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ရာ ကျေးလက်ဒေသနေပြည်သူများအနေဖြင့် စွမ်းအားမြှင့်မီးဖိုများကို ဦးစားပေး သုံးစွဲကြရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်သို့ကူးပြောင်းပြီးနောက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိလာခြင်း၊ လူဦးရေတိုးပွားလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြင့်လာသည်။ လက်ရှိတွင် လျှပ်စစ်ကဏ္ဍအတွက် ကျောက်မီးသွေး၊ ရေအားလျှပ်စစ်တို့ဖြင့် ထပ်မံတိုးချဲ့ထုတ်ယူရန် ရည်ရွယ်ချက်များရှိသော်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်နိုင်ကြောင်း ဝေဖန်မှုများရှိသဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရရှိမှုကို စဉ်းစားလာရသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုသည်မှာ သဘာဝအလျောက် စဉ်ဆက်မပြတ်ရရှိနေသော နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဇီဝစွမ်းအင်၊ ရေစွမ်းအင်နှင့် ဘူမိစွမ်းအင်တို့ဖြစ်သည်။ ကမ္ဘာပေါ်တွင် လက်ရှိအသုံးပြုနေသော သမားရိုးကျကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများဖြစ်သော ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များသည် နောင်တစ်ချိန်တွင် ကုန်ခန်းသွားမည်သာဖြစ်သည်။ သို့ရာတွင် သဘာဝအတိုင်းတည်ရှိနေသော နေ၊ ရေ၊ လေတို့၏ စွမ်းအားဖြင့် ထုတ်ယူရရှိသော စွမ်းအင်များသည် နေစကြဝဠာတည်ရှိနေသရွေ့၊ လေတိုက်ခတ်နေသရွေ့၊ ရေထုများ တည်တံ့နေသရွေ့ ကုန်ခန်းနိုင်မည်မဟုတ်သဖြင့် မြန်မာနိုင်ငံ၏ ရေရှည်စွမ်းအင်ဖွံ့ဖြိုးမှုတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များက အရေးပါသည့်အခန်းကဏ္ဍသို့ ရောက်လာသည်။

မြန်မာနိုင်ငံသည် နေရောင်ခြည်ကို ရာသီမရွေး အပြည့်အဝရရှိနေသည့် နိုင်ငံတစ်ခုဖြစ်ရာ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲခြင်းက လျှပ်စစ်ဓာတ်အားမလုံလောက်မှု ပြဿနာကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်မည်ဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သည် လောင်စာသုံး ဓာတ်အားပေးစက်ရုံများကဲ့သို့ လောင်စာလိုအပ်မှုမရှိခြင်း၊ ထိန်းသိမ်းပြုပြင်မှုစရိတ်သက်သာခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချပေးနိုင်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုရရှိစေနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေသော ပစ္စည်းများ၊ စွန့်ထုတ်မှုအလွန်နည်းပါးခြင်း စသည့်အားသာချက်များစွာရှိသည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ မူဝါဒများကို တစိုက်မတ်မတ် ဆက်လက်ကျင့်သုံးသင့်သည်။ မြန်မာနိုင်ငံအနေဖြင့် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် အခြားသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များအနက် မင်းဘူးဒေသရှိ မဂ္ဂါဝပ် ၄၀ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှထုတ်လုပ်သည့်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပါဝင်မှုအချိုးကို တိုးမြှင့်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ လျှပ်စစ်ယူနစ်ပေါင်းများစွာ ထုတ်ယူသုံးစွဲနိုင်သည့် နေစွမ်းအင်နှင့် လေစွမ်းအင်တို့ကို စနစ်တကျအစားထိုးသုံးစွဲနိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဥပဒေတစ်ရပ်ပေါ်ပေါက်ရေးကို အလေးထားလုပ်ဆောင်သင့်သည်။

**ဆိုလာစီမံကိန်းများ တိုးတက်များပြားလာ**

နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်လာမှုကြောင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များက ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှု သုံးဆတိုးလာရေး ရည်မှန်းချက်သည် လက်လှမ်းမီသောအနေအထားဖြစ်ကြောင်း Ember ပညာရှင်အဖွဲ့က ပြောကြားခဲ့သည်။ နေရောင်ခြည်စွမ်းအင် အသုံးချဆိုလာစီမံကိန်းများ တိုးတက်များပြားလာမှုကြောင့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့လျှပ်စစ်ဓာတ်အား ၃၀ ဒသမ ၃ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များက ဖြည့်ဆည်းပေးခဲ့သဖြင့် ၂၀၂၂ ခုနှစ်ကထက် ၂၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ဆိုလာစွမ်းအင်နှင့် လေအားလျှပ်စစ်ထုတ်လုပ်မှု ထက်ဝက်ကျော်ကို တရုတ်နိုင်ငံက လုပ်ဆောင်ခဲ့ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

မျက်မှောက်ကာလသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။ ထိုနည်းတူ ကမ္ဘာတစ်လွှားဖြစ်ပေါ်နေသော စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများ၊ ရှုပ်ထွေးသော နိုင်ငံရေးအခြေအနေများကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်း မတည်ငြိမ်မှုဒဏ်ကို ခံစားနေကြရသည်။ ယင်းအကျပ်အတည်းများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုကို အရှိန်မြှင့်တင်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်းတစ်ခုဖြစ်လာခဲ့သည်။ ယမန်နှစ်က ဒူဘိုင်းတွင် ကျင်းပသည့် COP 28 ရာသီဥတု ထိပ်သီးဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၁၀၀ ကျော်က ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးဆတိုးလာရန် ကတိပြုခဲ့ကြသည်။ မှတ်တမ်းများအရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အကြား တစ်နှစ်လျှင် ငါးရာခိုင်နှုန်းနီးပါး တိုးတက်ခဲ့သည်။ ၂၀၂၁ ခုနှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် လေနှင့် နေရောင်ခြည်စွမ်းအင်မှ ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ဓာတ်အား၏ ၁၀ ရာခိုင်နှုန်းကို ထုတ်လုပ်သုံးစွဲနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းအထိ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များက ထုတ်လုပ်နိုင်ခဲ့ခြင်းသည် ရေရှည်တည်တံ့သော ကမ္ဘာကြီးဖြစ်လာစေရေးအတွက် တွန်းအားဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ရေရှားမှုဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော ဒေသအချို့၌ ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ထိခိုက်စေခဲ့ခြင်းသည် ကျောက်မီးသွေးထုတ်လုပ်မှုကို ပိုမိုမြင့်တက်စေခဲ့သည်။

**ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်းတစ်ခု**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုကို သဘာဝအလျောက် စဉ်ဆက်မပြတ်ရရှိနေသော ရေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်တို့သည် အခမဲ့ဖြစ်သော်လည်း ကနဦးကုန်ကျစရိတ်များပြားသောလုပ်ငန်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလျှော့ချနိုင်ပြီး ရုပ်ကြွင်းလောင်စာကို အစားထိုးနိုင်သည့် ကောင်းကျိုးများကြောင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန်နည်းလမ်းကောင်းတစ်ခုအဖြစ် ကမ္ဘာ့နိုင်ငံများက လက်ခံကျင့်သုံးနေကြခြင်းဖြစ်သည်။ ရုပ်ကြွင်းလောင်စာကြောင့် ဘေးဥပဒ်မျိုးစုံဖြင့် ရင်ဆိုင်နေရသော ယနေ့ကာလတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုအသုံးပြုခြင်းကသာ ချူချာနေသော ကမ္ဘာကြီး၏ ကျန်းမာရေးကို ပြန်လည်ကုစားနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုသည်မှာ သဘာဝအလျောက် စဉ်ဆက်မပြတ်ရရှိနေသော ရေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဇီဝစွမ်းအင်နှင့် ဘူမိစွမ်းအင်တို့ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သဖြင့် မျက်မှောက်ကာလတွင် လူအများကို စိတ်ဝင်စားစေသည့် စွမ်းအင်ဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသော ရုပ်ကြွင်းလောင်စာဈေးနှုန်းများ မတည်ငြိမ်မှု၊ ဈေးနှုန်းမြင့်တက်မှုတို့သည် ပြည့်ဖြိုးမြဲစွမ်းအင်ကို ပိုမိုအသုံးပြုရန် အရှိန်မြှင့်တင်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်းတစ်ခုဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှုတို့အတွက် လျှပ်စစ်ဓာတ်အားသည် အခြေခံအကျဆုံးနှင့် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက်

စာမျက်နှာ ၁၉ သို့ ❖

* **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုသည်မှာ သဘာဝအလျောက် စဉ်ဆက်မပြတ်ရရှိနေသော နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဇီဝစွမ်းအင်၊ ရေစွမ်းအင်နှင့် ဘူမိစွမ်းအင်တို့ဖြစ်**

* **ရုပ်ကြွင်းလောင်စာကြောင့် ဘေးဥပဒ်မျိုးစုံဖြင့် ရင်ဆိုင်နေရသော ယနေ့ကာလတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုအသုံးပြုခြင်းကသာ ချူချာနေသော ကမ္ဘာကြီး၏ ကျန်းမာရေးကို ပြန်လည်ကုစားနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်**

* **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သဖြင့် မျက်မှောက်ကာလတွင် လူအများကို စိတ်ဝင်စားစေသည့် စွမ်းအင်ဖြစ်**

# မင်းဘူးမြို့ ရှင်ပင်ချမ်းသာကြီးဘုရားတွင် တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်မည်



**မင်းဘူး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ် (၃) ရပ်ကွက်ရှိ မဟာသုခိတရာမ ရှင်ပင်ချမ်းသာကြီးဘုရားတွင် တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်က ရှင်ပင်ချမ်းသာကြီးဘုရားနှင့် ဂန္ဓကုဋိတိုက်၊ အရံစေတီပေါင်း ၁၅ ဆူ၊ တန်ဆောင်းနှင့် အုတ်တံတိုင်းများ တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲများကို ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများက လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး စည်ကားလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ယခုနှစ်တွင်လည်း ဆီမီးထွန်းညှိ ပူဇော်ခြင်းများနှင့် ပဌာန်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းအပြင် လျှပ်စစ်ရောင်စုံမီးပွင့်များ၊ မီးပန်းများဖြင့် အလှဆင်ကာ ဝေဝေဆာဆာဖြင့် ဘုရားဖူးလာပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ထားကြောင်း ချမ်းသာကြီးလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသက်ထွန်းက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

# ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အကြိမ်(၄၀)မြောက် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ် ဆက်ကပ်ပူဇော်ပွဲကျင်းပရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အကြိမ် (၄၀) မြောက် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ် ပူဇော်ပွဲ အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူည့်ကျသဘာပတိ ဦးတင်ရှိန်နှင့် ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်တို့က အဖွင့်အမှာစကား ပြောကြားကာ ဗိုလ်တထောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်၊ ဂေါပကအဖွဲ့ရုံးရုံးအဖွဲ့မှူး ဦးကျော်နိုင်ထွန်း၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ်ရန်ကိစ္စရပ်များ၊ ဆုချီးမြှင့်ခြင်း ကိစ္စရပ်များ၊ စေတီတော်ပရိဝုဏ်အတွင်း သီတင်းသုံးတော်မူကြသည့် ဗုဒ္ဓရုပ်ပွားတော်များအား မသိုးရွှေကြာသင်္ကန်းဆက်ကပ်ရန် ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

# တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်၌ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက အမှတ် (၁၄) ရပ်ကွက် သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်ရှိ ဥက္ကလာပစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် သင်္ဃန်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်၏ ကြီးကြပ်မှုဖြင့် ဥက္ကလာပ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၊ အပြင်နှင့် စေတီတော် ရင်ပြင်တော်ပေါ်၌ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဆီမီးခုံရှိ ဖယောင်းများ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဘုရားဆင်းတုတော်များအား ရောင်တော်ဖွင့်ခြင်း၊ စေတီတော်ရင်ပြင်ပေါ်နှင့် ဘုရားစောင်းတန်းများတွင် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် တံမြက်စည်းလှည်းခြင်း၊ ဘုရားညောင်ရေအိုးများအား ရေလဲလှယ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**စုပေါင်းကုသိုလ်ယူဆောင်ရွက်**

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ သင်္ဃန်းကျွန်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်နှင့် တာဝန်ရှိသူများ၊ သင်္ဃန်းကျွန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက စုပေါင်းကုသိုလ်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**


## စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့ ဘာကြောင့်လိုအပ်တာလဲ?

စားသုံးဆီများတွင် အခြေခံအားဖြင့်

(၁)ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီများ (Saturated Fats)

(၂)တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Unaturated Fats) နှင့်

(၃)လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ (Trans fat) ဟူ၍ (၃)မျိုးရှိပါသည်။

- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သောသွေးတွင်းအဆီဓါတ် (HDL) တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့် မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကို လျော့နည်းစေပါသည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ်များ (LDL) လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်း တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ- စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)
- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာဟင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်ဆီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသောဆီများတွင် ပါဝင်သည်။ သွေးတွင်းမကောင်းသော အဆီများ (Triglycerides) ပိုမိုမြင့်တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကိုကျစေခြင်းဖြင့် အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားစေခြင်း တို့ကိုဖြစ်စေနိုင်သည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများ တွင် ပါဝင်သည့်ဆီ)

ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည် ဖြစ်ပါသည်။



မပြည့်ဝဆီ



ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား: (၁) WHO, Healthy diet factsheets. (accessed as of 10.6.2020)

(၂) MAYO CLINIC. Dietary facts: Know which types to choose. (accessed as of 10.6.2020)

(၂၀၂၄ခုနှစ်၊မေလ)


**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❖ စာမျက်နှာ ၁၈ မှ

အရင်းအမြစ်များစွာကို မိမိတို့နိုင်ငံက ပိုင်ဆိုင်ထားသော်လည်း ယခုအထိ မဖြည့်ဆည်းနိုင်သေး။ နိုင်ငံ၏ အဓိကစီးပွားရေးမောင်းနှင်အားဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားအခက်အခဲကြောင့် နှေးကွေးလေးလံလျက်ရှိနေပြီး ပြည်သူများ၏ နေ့စဉ်လူမှုဘဝများတွင်လည်း ဓာတ်အားတောင်းဆိုမှု ပိုမိုမြင့်မားလာနေသည်။ ရေအားလျှပ်စစ်စီမံကိန်းများမှာ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားပြီး တည်ဆောက်ရေးကာလမှာ ရှည်ကြာသည်။ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ပြီး ရုပ်ကြွင်းလောင်စာများကဲ့သို့ ကုန်ခန်းနိုင်ခြင်းလည်းမရှိသလို ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့ စွန့်ပစ်အခိုးအငွေ့များ ထုတ်လွှတ်မှုမရှိခြင်းကြောင့် သန့်ရှင်းသော စွမ်းအင်လည်းဖြစ်သည်။ လူသားတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်စီးရေး၊ လူမှုစီးပွားဘဝများ၊ ထိခိုက်ဆုံးရှုံးမှုမရှိရေး ထိန်းညှိဆောင်ရွက်သွားရမည်ဖြစ်သော်လည်း တစ်ဖက်စွန်းမရောက်ရန်လိုသည်။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်သုံးစွဲရရှိရေးအတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အနာဂတ်တွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လူဦးရေတိုးတက်များပြားမှုတို့ ဖြစ်ပေါ်လာခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဆက်လက်မြင့်တက်နေမည်ဖြစ်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များမှ မြန်မာနိုင်ငံနှင့်ကိုက်ညီမည့် နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူအားလုံး လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိရာတွင် ၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်ပါဝင်မှု ၂၈ ရာခိုင်နှုန်း (၅၁၅၆ မဂ္ဂါဝပ်)၊ နေရောင်ခြည်နှင့်လေစွမ်းအင်လျှပ်စစ် ၁၁ ရာခိုင်နှုန်း (မဂ္ဂါဝပ် ၂၀၀၀) ထုတ်လုပ်နိုင်ရန် လျာထားအကောင်အထည်ဖော်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## ရူပဗေဒ — ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

၂၈ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

### CHAPTER (7)

### Applications of Light and Optical Instruments

၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။ Section(A) အပိုင်းတွင် အမှတ်(၄၀) ဖိုး ဖြေဆိုရမှာဖြစ်ပြီး Section (B) အပိုင်းတွင်မူ အမှတ်(၆၀) ဖိုး ဖြေဆိုရသည်။

မေးခွန်း No. (1) သည် True or False ရွေးချယ်ရပါမည်။ (၁)မှတ်တန် (၁၀)ပုဒ် ဖြေဆိုရမည်။ မေးခွန်း No.(2) သည် Fill in the blanks ဖြစ်ပြီး (၁)မှတ်တန် မေးခွန်း (၁၅) ပုဒ် ဖြေဆိုရမည်။ မေးခွန်း No.(3) သည် Multiple Choice များဖြစ်ပြီး ရွေးချယ်စရာ (၃) ခုမှ correct answer (၁) မျိုးတည်းကိုသာ ရွေးပေးရမည်။ (၁) မှတ်တန် (၁၅) ပုဒ် ဖြေဆိုရမှာဖြစ်ပါသည်။

**Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထား ပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။**

**I. Are the following statements TRUE (or) FALSE?**

(1) The diameter of the aperture is expressed in terms of f-numbers.

(2) The vitrous humour is a transparent liquid between the eyelens and the retina.

(3) The retina is the light sensitive area of the cells.

(4) The common defects of vision are farsightedness and nearsightedness.

(5) Nearsightedness occurs due to an eyeball which is too long.

(6) In compound microscope, the lens near the object is called the objective.

(7) Compound microscope are used to study living cells.

(8) Optical microscopes use simple lens.

(9) Electron microscopes use electromagnetic lens.

(10) Two types of telescopes are astronomical telescope and terrestrial telescope.

(11) Binocular are widely used as terrestrial telescope.

(12) The laser medium is the material emitting the laser beam.

(13) The laser medium can be a gas, liquid, crystalline solid or semiconductor crystal.

**II. Fill in the blanks.**

(1) A camera is an ................ instrument.

(2) The f-number of a camera is the ratio of the focal length of the lens to the ................ of aperture.

(3) The smaller the f-number, the ................ the aperture is.

(4) Iris is the ................ portion of the edge.

(5) When an image is formed at the ................ spot it cannot be seen at all.

(6) Farsightedness is a defect of vision in which objects nearby are ................

(7) For normal vision, the least distant of distinct vision is about ................

(8) Most telescopes used at the astronomical observatories in the world are ................ telescopes.

(9) Three essential elements in laser are laser medium, power supply and ................

(10) A useful application of fibre optics is in ................

(11) In an optical fibre, the refractive index of core will be slightly ................ than that of cladding.

(12) The most common optical spectrometers are spectrophotometers, spectrofluorometers and ................

(13) The SI unit for illuminance is ................

(14) The SI unit for luminance is ................

**III. Choose the correct answer from the following.**

(1) The aqueous humour is a transparent liquid between ................
**(A. the cornea and the eyelens,
B. the eyelens and the retina,
C. the cornea and the iris)**

(2) For viewing very small objects, ................ on the retina is used.
**(A. the yellow spot, B. the blind spot,
C. the red spot)**

(3) Nearsightedness is a defect of vision in which ............ objects are seen clearly.
**(A. near, B. distant, C. tall)**

(4) For normal vision, the maximum distance of distinct vision is ................
**(A. 25 cm, B. 50 cm, C. infinity)**

(5) An optical instrument use for viewing distant objects is called a ................
**(A. telescope, B. compound microscope,
C. transmission electron microscope)**

(6) ................ invented a refracting telescope.
**(A. Newton, B. Einstein, C. Galileo)**

(7) ................ produces stimulated emission of photons from excited atoms or molecules.
**(A. Telescope, B. Microscope, C. Laser)**

(8) A scientific instrument used to separate and measure spectral components of a physical phenomenon is called ................
**(A. fibre optics, B. laser, C. spectrometer)**

(9) Luminous flux is measured in ................
**(A. lumen (lm), B. candela (cd), C. hertz (Hz))**

(10) One lumen is equivalent to ............... of light with a wavelength of 555 nm.
**(A. $^1/_{683}$ watt, B. $^1/_{684}$ watt C. $^1/_{685}$ watt )**

(11) The SI unit of luminous intensity is ................
**(A. candela (cd), B. lumen(lm), C. lux (lx) )**

(12) The yellow spot which is the most light- sensitive spot is ................
**(A. in the eyelens, B. between the eyelens and the retia, C. on the retina)**

**Answers**

I. (1) True (2) True (3) True (4) True (5)True (6) True (7) True (8) True (9) True (10) True (11) True (12) True (13) True

II. (1) optical (2) diameter (3) wider (4) colored (5) blind (6) blurry (7) 25 cm (8) reflecting (9) opticalcavity (10) endoscopy (11) greater (12) Raman spectrometers (13) lux /lx (14) candela per metre squared (cd $m^{-2}$)

III. (1) A (2) A (3) A (4) C (5) A (6) C (7) C (8) C (9) A (10) A (11) A (12) C

## မြန်မာစာ — ပါမောက္ခ ဒေါက်တာဇော်

၂၈ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

### အခန်း(၁)

### စကားပြောရာတွင် ပါဝင်သော မွမ်းမံသံများ အသံ အနိမ့်အမြင့်သဘောတရား

**၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒွါဒသမတန်း မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး (၇)ပုဒ် ပါဝင်မည်ဖြစ်သည်။**

မေးခွန်းနံပါတ် (၁) သည် အပြောသင်ခန်းစာ၊ အဖတ်အရွတ် သင်ခန်းစာမှ စကားပြေနှင့် ကဗျာ၊ အရေး သင်ခန်းစာဆိုင်ရာ ဓမ္မဝိဇ္ဇာန်မေးခွန်း ဖြစ်သည်။ ပုဒ်ခွဲ (၃) ခု ခွဲ၍မေးပါမည်။ **၁ (က) သည် မှား/မှန်ဖြေ၊ ၁ (ခ) သည်ကွက်လပ်ဖြည့်၊ ၁ (ဂ) သည် အဖြေမှန်ရွေးဖြစ်သည်။ ပုဒ်ခွဲတစ်ခုလျှင် မေးခွန်း (၁၀) ခုပါရှိသည်။ ပုဒ်ခွဲ (၃) ခုအတွက် စုစုပေါင်း အမှတ် ၃၀ ပေးထားသည်။**

အပြောသင်ခန်းစာ၊ အရေး သင်ခန်းစာတို့မှ လေ့ကျင့်ရန် မေးခွန်းများနှင့် အဖြေများကို ပြည့်ပြည့်စုံစုံ ဖော်ပြပေးမည်ဖြစ်သည်။

**၁။ (ခ) အောက်ပါတို့ကို ကွက်လပ် ဖြည့်ပါ။**

(၁) ............ လွဲမှားမှုသည် ပြောသူရော နာသူတွင်ပါ ရှုပ်ထွေးမှုများ ညီတူမျှတူ ဖြစ်ပေါ်စေသည်သာဖြစ်ပါသည်။

(၂) အမျိုးသားများတွင် အမျိုးသမီးများနှင့် ကလေးများထက် ပိုမို၍ရှည်လျားသော ............ ရှိပါသည်။

(၃) အသံကြိုးများ၏ ............ တင်းအားကို တင်းလိုက်လျှော့လိုက်အပြောင်းအလဲပြုလုပ်ပေးခြင်းအားဖြင့် အပြောစကားရှိ နိမ့်မြင့်သံပြောင်းလဲမှုများ ပြီးမြောက်သွားစေပါသည်။

(၄) အလွန်ဝမ်းသာသည့်အခါမျိုး အံ့ဩသည့်အခါမျိုး၊ စိတ်ဆိုးသည့် အခါမျိုးတို့တွင် အသံကျယ်ကျယ်............ နှင့် ပြောဆိုခြင်းမျိုးကို ကြားရတတ်သည်။

(၅) ပေ့ါပေ့ါပြောချင်သော အကြောင်းအရာ၊ တစ်နည်းအားဖြင့် အရေးမကြီးသည့်အကြောင်းအရာကိုဖော်ညွှန်းသောစကားမျိုးတွင် ............ ကို သုံးသည်။

(၆) လေးလေးနက်နက်ပြောချင်သော အရေးကြီးသည့် အကြောင်းအရာများကို ဖော်ညွှန်းလိုသည့်အခါတွင် ........... ကို သုံးသည်။

(၇) သင်၏ ............ သည် ကောင်းသလော၊ အလွန်ကောင်းသလော၊ ဆိုးသလော ဆိုသည်မှာ အဆက်အစပ်ပေါ်တွင်သာ လုံးဝမူတည်လျက် ရှိနေပါသည်။

(၈) ............ ဆိုသည်မှာ တစ်မိနစ်အတွင်းပြောဆိုသောစကားလုံးအရေအတွက် ၁၁၀ အောက်နိမ့်ကျသော စကားပြောနှုန်းများဖြစ်ပါသည်။

(၉) စကားပြောနှုန်းကို တစ်သမတ်တည်းထားရှိပြီး ပုံမှန်ပြောဆိုခြင်းထက် စကားပြောနှုန်း ............ ကို သတိထားပြီး သင့်လျော်အောင် ပြောင်းလဲပြောဆိုခြင်းက ပိုမိုအကျိုးရှိထိရောက်သည်။

**အဖြေများ**

၁။ (ခ) ၁။ အသံအနိမ့်အမြင့် ၂။ အသံကြိုး ၃။ တင်းအား ၄။ လေးလေးပင်ပင် ၅။ အသံပေ့ါ ၆။ အသံလေး ၇။ စကားပြောနှုန်း ၈။ အနှေးနှုန်း ၉။ အနှေးအမြန်

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်း

အခြေခံပညာ အင်္ဂလိပ်စာဘာသာရပ်ကို ဖော်ပြရာတွင် စာမေးပွဲကြီး နီးလာပြီဖြစ်သည့်အတွက် "လွယ်ကူလေ့လာ အင်္ဂလိပ်စာ" Grade–4 မှ Grade–12 အထိ တန်းစဉ် လေ့ကျင့်ခန်းများအား စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ဖော်ပြပေးမည်ဖြစ်ပါသည်။

### Grade–9 Unit –7

**I. Fill in the blanks with the correct words. The first letters are given to help you. (5 marks)**

1. Mother will punish all of us unless the **c**............... who is responsible for breaking the valuable vase is found.
2. If the deadly virus spreads severely fast, it will become a national **c**................
3. My daily **a**............... include doing yoga in the morning and meditating in the evening.
4. We can reduce carbon **e**............... by using reusable shopping bags and cups.
5. Leaves, twigs and branches are examples of garden **w**................
6. **S**............... boxes are more harmful to environment than plastics because they are not easy to recycle.
7. We must **u**............... our electronic device while we are not using them.
8. We must protect our **e**............... if we don't want to put our lives at risk.
9. Livestock **m**............... can be used as a natural fertilizer but disposing of it carelessly can lead to significant emissions of GHGs.
10. Farm animals such as pigs, sheep, goats and cows are popular forms of **l**................
11. A **l**............... site is a site used for the disposal of waste materials.
12. We need to drive less and recycle more to avoid **c**............... change.

Answer Keys

I. 1. culprit 2. crisis 3. activities
4. emissions 5. waste 6. Styrofoam
7. unplug 8. environment 9. manure
10. livestock 11. landfill 12. climate

### Grade–10 Unit –6

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. Walter always dreamed of becoming a **w**............... businessman.
2. The **o**............... bloomed with apples every autumn.
3. Mary had a **s**............... expression when she received the news.
4. He felt **b**............... by the constant noise from the street.
5. The two siblings decided to **s**............... their toys.
6. After the passing of their father, they received a large **i**................
7. She prided herself on being financially **i**................
8. The mother **h**............... her child tightly after the long separation.
9. They **k**............... under the bright full moon.
10. The **w**............... repaired the broken fence with care.
11. The mountain range looked **d**............... from their vantage point.
12. He regretted **s**............... his opportunities in youth.

Answer Keys

I. 1. wealthy 2. orchards 3. serious
4. bothered 5. share 6. inheritance
7. independent 8. hugged 9. kissed
10. workman 11. distant 12. squandering

### Grade–11 Unit –7

**I. Read the passage. (Seen Passage)**

The human body is made up of systems and organs. A system is something that is made up of different parts, and these parts are interrelated and interdependent. The most widely known systerns of the human body are (in the alphabetical order): Circulatory, Digestive, Excretory, Musculoskeletal, Nervous, Reproductive, and Respiratory systems. An organ is a part of the human body that performs special functions. For instance, the eye is an organ to see; the ear is an organ to listen and hear; the nose is the organ to breathe and smell, etc. Some organs are vital for our survival. This means that when a vital organ stops functioning, or working, we cannot live; we die. For example, if our heart stops functioning, we die. In the same way, if our brain stops functioning, we die.

Some organs, on the other hand, are not vital. This means that if we lose such organ, we do not die; we can still live without it. For instance, if we lose one hand in an accident, we do not die; we can still live without it. In the same way, if we lose an eye, we do not die; we can still live.

In this lesson, we shall study three vital organs: the heart, the kidneys, and the liver.

**(A) Complete the following sentences with the correct word or words. (5 marks)**

1. The human body is made up of systems and ..........
2. A system is made up of different parts that are interrelated and ................
3. The eye is an organ to ............... and the ear is an organ to ................
4. Some organs are ............... for survival, meaning when they stop functioning, we cannot live.
5. The heart, kidneys, and liver are examples of .............. organs.

**(B) Answer each question in one sentence. (5 marks)**

6. What are the human body systems mentioned in the passage?
7. What is the function of the eye and ear according to the passage?
8. What happens if a vital organ stops functioning?
9. Can humans live without non–vital organs? Provide an example.
10. Which three vital organs are mentioned at the end of the passage?

Answer Keys

I. 1. organs 2. interdependent
3. see, listen 4. vital 5. vital

I.(B)

6. **The human body systems mentioned in the passage are Circulatory, Digestive, Excretory, Musculoskeletal, Nervous, Reproductive, and Respiratory systems.**
7. **The eye is an organ to see, and the ear is an organ to listen and hear according to the passage.**
8. **If a vital organ stops functioning, we cannot live and die.**
9. **Yes, humans can live without non–vital organs. For example, if we lose a hand or an eye, we do not die.**
10. **Three vital organs such as the heart, the kidneys, and the liver are mentioned at the end of the passage.**

### Grade–12 Unit –7

**I. Read the passage. (Seen Passage)**

Our way of life has caused many serious environmental problems such as global warming and climate change. As a result, the world's ecosystems are changing faster than ever before. Take a moment and look at our surroundings – the air we breathe, the water we drink and the land we live on. Millions of people are now inhaling polluted air, drinking impure water, and consuming contaminated foods. This means that we are experiencing many environmentally hazardous conditions. These issues are a result of pollution, which is now seen as a major hazard to our environment.

**(A) Complete the following sentences with the correct word or words. (5 marks)**

1. Our way of life has caused many serious environmental problems such as ......(1)...... and ......(2)......
2. As a result, the world's ......(3)...... are changing faster than ever before.
3. Take a moment and look at our surroundings – the ......(4)...... we breathe, the ......(5)...... we drink, and the ......(6)...... we live on.
4. Millions of people are now inhaling ......(7)......air, drinking ......(8)...... water, and consuming ......(9)...... foods.
5. These issues are a result of ......(10)...... , which is now seen as a major hazard to our ......(11)......

**(B) Answer the following questions. (5 marks)**

6. What are two serious environmental problems mentioned in the passage?
7. What is changing faster than ever before as a result of these problems?
8. List three elements of our surroundings that are affected by pollution.
9. What are millio8s of people inhaling, drinking, and consuming?
10. What is seen as a major hazard to our environment?

Answer Keys

I.(A) 1. Global warming 2. Climate change
3. Ecosystems 4. Air 5. Water 6. Land
7. Polluted 8. Impure 9. Contaminated
10. Pollution 11. Environment

(B)

1. **Two serious environmental problems mentioned in the passage are global warming and climate change.**
2. **The world's ecosystems are changing faster than ever before as a result of these problems.**
3. **Three elements of our surroundings that are affected by pollution are the air we breathe, the water we drink, and the land we live on.**
4. **Millions of people inhaling, drinking, and consuming are polluted air, impure water, and contaminated foods.**
5. **Pollution is seen as a major hazard to our environment.**

အခြေခံပညာ ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (ဖုန်း–09 981163924) ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နိုဝင်ဘာ ၁ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အုပ်ဆွဲအုပ်စု ဝန်တင်ဆိပ်ကျေးရွာ ချည်မျှင်ရှည်ဝါစိုက်ခင်းတွင် ဒေသခံဝါစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပြောကြားကာ ဝါစိုက်တောင်သူ ဦးထွန်းထွန်းနိုင်၏ ရာကာ (၆) သုံးလုံး ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် လျှော်ရွေး လျှော်ထုတ်စက်ရုံကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ခေတ္တရာဟာသ်ာကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ အဆောက်အအုံများနှင့် ထွန်စက်အရောင်းပြခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

နိုဝင်ဘာ ၂ ရက်တွင် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂) ဧည့်ခန်းမ၌ မွေးမြူရေးတောင်သူများ၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်သူများကို တွေ့ဆုံ၍ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေးစနစ်ထွန်းကားလာစေရေးကို ဆွေးနွေးမှာကြားပြီး မွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နှမ်းစပါး၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံမြေပဲ၊ နှမ်း၊ နေကြာနှင့် ဝါသီးနှံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ နို့စားနွား မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြေရာသီဥတုအခြေအနေပေးသောဒေသများကို ရွေးချယ်ဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်မြို့နယ် ရွှေမြင့်မိုရ်နို့စားနွားခြံ၏နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုနှင့် ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက်ရှိ ငွေစင်ပုလဲကုမ္ပဏီ၏ နို့စုဆောင်းနေမှုနှင့် ရွှေတောင်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်သော စပါးမျိုး ၁၂ မျိုး ယှဉ်ပြိုင်စိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့နယ် နတ်မော်ရွာ မင်းသားကြီးတိုင်းရင်းကြက်မွေးမြူရေးနှင့် ကြက်သားဖောက် ဖြန့်ချိရေးလုပ်ငန်း၊ နတ်တလင်းမြို့နယ် ကြက်ခတ်ဝါးရုံကျေးရွာ YSR-1 ဧက ၃၀ မျိုးသန့်မျိုးပွားစံပြကွက်နှင့် ကြို့ပင်ကောက်မြို့၊ လက်ပံတန်းမြို့၊ သာယာဝတီမြို့တို့ရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာ၌ မိုးစပါး ဆင်းသုခစပါးမျိုး စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကျွန်းစု နိုဝင်ဘာ ၃**

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာ ကွင်းအမှတ် (၃၀၈) တောင်သူ ဦးမြင့်အောင်၏ လယ်မြေ၌ စိုက်ပျိုးထားသည့် မိုးစပါးဆင်းသုခစပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။



စံကွက်ရိတ်သိမ်းပွဲသို့ ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ မြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသီဟနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းပွဲကို ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာရှိ တောင်သူ ဦးမြင့်အောင်၏ လယ်မြေတွင် စိုက်ပျိုးထားသော မိုးစပါး ဆင်းသုခစပါးမျိုး စိုက်ခင်း တစ်ဧက စံကွက် ရိတ်သိမ်းခဲ့ရာတွင် အစိုဓာတ် ၁၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် တစ်ဧက ၁၁၃ တင်း ထွက်ရှိသည်။

ကျွန်းစုမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာတွင် မိုးစပါးစိုက်ဧက ၁၃၀၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆင်းသုခ၊ ဆင်းသွယ်လတ်၊ မနောသုခ၊ ရက် ၉၀၊ GW 11၊ ရောပဒေသာ စသည့်စပါးမျိုးကွဲများကို စိုက်ပျိုးခဲ့ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစိုက် ဒေသခံတောင်သူများအား တစ်ဧက စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်မှုရှိစေရေး၊ ပိုးမွှားအန္တရာယ် ကျရောက်မှုကင်းရှင်းစေရေးနှင့် စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးခြင်းနှင့် တောင်သူပညာပေးသင်တန်းများ ပို့ချပေးခြင်းများကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း ကျွန်းစုမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ပြောကြားသည်။

ယခုနှစ်တွင် ကျွန်းစုမြို့နယ်၌ မိုးစပါး ၁၃၀၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး ၁၉ ဧက၊ ဆောင်းသီးနှံနေကြာ သုံးဧက၊ ပဲတီစိမ်း နှစ်ဧကနှင့် မတ်ပဲ ဧက ၄၀ တို့ကို စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံရာသီအတွင်း စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းသီးနှံ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောပဲတီစိမ်းသီးနှံ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားရေရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် ပဲတီစိမ်း ၂၆၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးပဲတီစိမ်းသီးနှံစိုက်ခင်းများ အထွက်နှုန်းကောင်းမွန်စေရေးနှင့် သီးနှံအရည်အသွေးများ ကောင်းမွန်စေရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများနှင့် အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာပေးခြင်းများကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ ဒေသခံတောင်သူများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)



# ဝါသီးနှံလျာထားချက်ထက် ပိုမိုစိုက်ပျိုးပြီးစီး

**မကွေး နိုဝင်ဘာ ၃**

အညာဒေသရှိ တောင်သူများသည် စက်မှုသီးနှံဝါကို စိုက်ပျိုးလာကြကြောင်း မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ရှိ ဝါစိုက်တောင်သူအချို့ထံမှ သိရသည်။

ဒေသခံတောင်သူများသည် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စပါး၊ ကြက်သွန်တို့ကို စိုက်ပျိုးကြသည့်အပြင် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြပြီး စက်မှုသီးနှံဝါကို မိုးရာသီ၌ စိုက်ပျိုးကြသည်။

"ဝါကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဝါကနေ တောင်သူတွေ အကျိုးအမြတ် ရရှိနေကြတာကြောင့် အခုနှစ်လည်း စိုက်ကြပါတယ်။ အခုနှစ် ဝါဈေးကောင်းဖို့ မျှော်လင့်ပါတယ်"ဟု ရေနံချောင်းမြို့နယ်နေ တောင်သူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်တွင်၂၀၂၄-၂၀၂၅ ခုနှစ် တစ်နှစ်ပတ်လုံး ဝါသီးနှံ ဧက ၂၄၂၀ လျာထားစိုက်ပျိုးခဲ့ရာ ၂၀၄၁ ဧက စိုက်ပျိုးခဲ့ပြီး လျာထားချက်ထက် စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဆန်းညွှန့်(ရေနံချောင်း)



# တီးတိန်မြို့၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တီးတိန် နိုဝင်ဘာ ၃**

ချင်းပြည်နယ် တီးတိန်မြို့၌ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း လမ်းဘေး ဝဲယာရှိ ချုံနွယ်များကို ယမန်နေ့ နံနက် ၉ နာရီတွင် ဌာနဆိုင်ရာ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် အဖွဲ့ဝင်များက ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးမိုး

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပျဉ်းမနား နိုဝင်ဘာ ၃**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် နတ်သရဲကျေးရွာအုပ်စုအတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် လယ်ယာမြေများ၌ ဆောင်းသီးနှံမတ်ပဲနှင့် နေကြာများ စိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**ရှင်းလင်းတင်ပြ**

ပျဉ်းမနားမြို့နယ်အတွင်းရှိ ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် လယ်ယာမြေများ၌ သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနက စက်ယန္တရားများဖြင့် ထယ်ရေးထွန်ယက်နေမှုနှင့် မြေပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဦးက ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေများ၌ တောင်သူများအနေဖြင့် ဆောင်းသီးနှံများ ပြန်လည်



စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများတွင် ရာသီသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လယ်ယာမြေများတွင်သီးနှံများပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ ရေပေးမြောင်းများနှင့် ရေနုတ်မြောင်းများအတွင်း ပေါင်းမြက်များ မရှိစေရေးကို အမြဲမပြတ်ရှင်းလင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မအူပင်မြို့နယ်၌ ကျေးလက်လမ်း၊တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မအူပင် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မအူပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊တံတား လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်)မှ ဦးကျော်ကျော်ထွေး အင်ဂျင်နီယာချုပ် (မြို့ပြ)က ကွင်းဆင်း စစ်ဆေးခဲ့သည်။

**လမ်းညွှန်မှာကြား**

ကွင်းဆင်း စစ်ဆေးရာတွင် အင်ဂျင်နီယာချုပ် (မြို့ပြ)နှင့်အဖွဲ့သည် မအူပင်မြို့နယ် ရေလဲကလေး-မလောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ဝိသကြုံကုမ္ပဏီ



က ဆောင်ရွက်လျက်ရှိသော မအူပင်ခရိုင်ရုံး အဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် မင်းခန့်ရောကုမ္ပဏီက ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စည်ပင်ကုန်း-ဘုရားကုန်းလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများကို သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် မအူပင်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ) (တာဝန်)က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ်(မြို့ပြ)က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# ဗဟန်းလူထုအခြေပြုဗဟိုဌာန၌ ရေးသူဖတ်သူဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပ

**ဗဟန်း နိုဝင်ဘာ ၃**

ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းလူထုအခြေပြုဗဟိုဌာန၏ ဘက်စုံသုံးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ဗဟန်းမြို့နယ် စာပေချစ်မြတ်နိုးသူများအဖွဲ့ (Book Club)မှ စာရေးဆရာ ဆရာသော်တာဆွေ၏ စာအုပ်များဖြင့် ရေးသူဖတ်သူ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို ကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူဟိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စာပေချစ်မြတ်နိုးသူများအဖွဲ့ (Book Club) ဥက္ကဋ္ဌ စာရေးဆရာ ဟိန်းဇေက မြန်မာစာပေ ရှင်သန်တိုးတက်ရေးနှင့် လူငယ်များ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာများဖြစ်ကြသည့် ဆရာမောင်သန်းဝင်း၊ ဆရာဦးအောင်သင်း၊ ဆရာမောင်မေခနှင့် စာရေးဆရာမများဖြစ်ကြသည့် ဆရာမတင့်တယ်ခင်၊ ဆရာမဘုတ်ဆုံမ၊ ဆရာမနန်းသင်းသင်းဝေ၊ ဆရာမပေါက်ပေါက်တို့က စာရေးဆရာ ဆရာသော်တာဆွေ၏ စာအုပ်များအကြောင်း အသီးသီးဆွေးနွေး ဖတ်ကြားခဲ့ကြပြီး အခမ်းအနားသို့ ဗဟန်းမြို့နယ် စာပေ ချစ်မြတ်နိုးသူများအဖွဲ့ (Book Club) အဖွဲ့ဝင် ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်သူဟိန်း(ပြန်/ဆက်)



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၂၈-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

"ခင်လေးကို စောင့်နေတာ"

"ဩော် . . ."

သူဘာမှ ချက်ချင်းဆက်မပြော။ အတန်ကြာ ရပ်နေပြီးမှ-

"ငါသွားမယ်၊ အတန်းနောက်ကျလိမ့်မယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ ခင်လေးတို့ အတန်းရှိသည်ကတော့ သေချာပြီ။ ဒါဆို ခင်လေး ဘာလို့နောက်ကျနေပါလိမ့်။

အဆောင်ရှေ့တွင် လူပါးသွားသည်။

လက်မှနာရီသည် ရှစ်နာရီ မိနစ်နှစ်ဆယ်ကို ပြနေ၏။

ကျွန်တော် မှီထားသောတိုင်မှ ခွာလိုက်၏။ သည်အချိန်ကျမှ ဆက်မစောင့်ချင်တော့။ ခင်လေး လာသည့်တိုင်အောင် သူ့အတန်းကြီးက စောင့်နေပြီ။ ကျွန်တော့်အတန်းလည်း ရှိသည်။

စိတ်ပျက်လက်ပျက်နှင့် ကျွန်တော် မန္တလေးဆောင်မှဖြတ်ပြီး နောက်ဘက်စောင်းတန်းမှ ရာမညဆောင်သွားရန် ရည်ရွယ်သည်။ သံတံခါးနောက်နားရောက်မှ လာများလာပြီလားဆိုသောစိတ်ဖြင့် နောက်လှည့်ကြည့်သည်။ မရှိ။

မန္တလေးဆောင် အလယ်ကွင်းပြင်ကို ဖြတ်လျှောက်သောအခါ ရင်တွင်းမှစိတ်သည် ကိုယ်နှင့် ပါမလာတော့... ။

*****

"တွေ့လား"

စာသင်ခန်းထဲသို့ နောက်ဘက်တံခါးမှဝင်၍ နောက်အစွန်တန်းတွင် ထိုင်နေသော ပေါ်ဦးနား ဝင်ကပ်သည်။ ပေါ်ဦးက ဘေးလူမကြားအောင် ခပ်တိုးတိုးလေသံဖြင့် မေးသည်။

"ဟင့်အင်း . . . ခုထိ မလာသေးဘူး"

"သူ့အတန်းရှိတယ်မဟုတ်လား"

ပေါ်ဦးက ဝေခွဲမရသောမျက်နှာဖြင့် မေးသည်။ ကျွန်တော်ကခေါင်းညိတ်ပြီး -

"ရှိတယ်၊ ကျော်ညွန့်နဲ့တောင် တွေ့သေးတယ်"

ကျွန်တော်တို့ တိုးတိုးတိုးတိုး ကျိတ်ပြောနေစဉ် ဆရာ့မျက်လုံးများသည် ကျွန်တော်တို့ဆီ ဝဲနေကြောင်း သတိပြုမိသည်။ ထို့ကြောင့် ပေါ်ဦးကို လက်ကုတ်၍ ဆရာ့ဘက် လက်ညှိုးထိုးညွှန်ပြ၏။ ပေါ်ဦးက စကားမဆက်တော့ဘဲ ရှေ့တည့်တည့် ပြန်လှည့်သည်။

စာသင်နေသော ဆရာ့နေရာတွင် ခင်လေး ရောက်နေ၏။

*****

(၇)

"ဗိုး . . . စကားပြောချင်တာ အူကိုယားနေတာပဲကွာ။ ဆရာကလည်း ငါတို့ဆီပဲ မျက်လုံးရောက်နေလို့"

ဆရာ အတန်းထဲမှထွက်ထွက်ချင်း ပေါ်ဦးက စာအုပ်ကို ဗုန်းခနဲပစ်ချ၍ဆိုသည်။ စာသင်တာလည်း တစ်လုံးမှ နားမလည်လိုက်။ ကိုယ့်ဘာသာ ကိုယ်အတွေးများနှင့် ရှုပ်ယှက်ခတ်နေသော ကျွန်တော်က-

"ဘာဖြစ်လို့ မလာတာလဲ မသိဘူး။ ငါ တစ်ခု စဉ်းစားမိတယ်"

"ဘာလဲ"

ကျွန်တော် ပြောသင့်၊ မပြောသင့် ချိန်ဆနေမိသည်။ ကျောင်းသူတစ်ယောက်သည် အခါမရွေး ကျောင်းပျက်တတ်သည်မှာမဆန်း။ သူ့ဘာသာသူ အကြောင်းတစ်ခုခုကြောင့် ကျောင်းပျက်သည်ကို ကိုယ့်ကိစ္စနှင့်ကိုယ် တွေ့ချင်လွန်းအားကြီးနေသဖြင့် စိတ်ပူပြီး တွေးမိတွေးရာ တွေးတာများလား ပြန်ချင့်ချိန်သည်။

"ဘာကိုလဲလို့ မေးနေတယ်ကွ"

ပေါ်ဦး၏ စိတ်မရှည်သံကို ကြားရသည်။ မထူးပါဘူး၊ ပြောပြတာ ဘာလွန်စရာရှိတာမှတ်လို့။ ပေါ်ဦးကို ပြောတာပဲလို့ တွေးလိုက်ပြန်သည်။ ထို့ကြောင့် -

"ဟိုနေ့က ကိုကိုလတ်ကျောင်းမှာလာရှာတယ်။ အဲဒါ ငါတို့ကို ကံ့ကော်တောမှာတွေ့ပြီး ပြဿနာရှာထားလို့များလားလို့"

ပေါ်ဦး မျက်မှောင်ကြုတ်သွားသည်။ ဖြစ်နိုင်၊ မဖြစ်နိုင် ဝေခွဲနေပုံပေါ်၏။ ထို့နောက် မေးစေ့ကို လက်ဝါးဖြင့်ပွတ်ရင်း -

"မဖြူကော လာလား"

"ဟင့်အင်း . . . မတွေ့ဘူး"

သူက ဘယ်လက်ဖြင့် မျက်နှာကိုသပ်သည်။ ပြီးမှ ခေါင်းခါ၍-

"ကားတွေဘာတွေ လမ်းမှာပျက်နေလို့ ဖြစ်ပါလိမ့်မယ်ကွာ။ ကားဆိုတာ ပျက်တတ်တာပဲ"

သူပြောမှ ရောဂါပိုတက်သွားသည်။

"လမ်းမှာများ တစ်ခုခုဖြစ်နေလို့လား"

ကျွန်တော့်စကားကြောင့် ပေါ်ဦးက သူ့လက်ထဲမှ မီးမရှိသော ဆေးပေါ့လိပ်တိုတိုကို ဆတ်ခနဲ လွှင့်ပစ်သည်။ ကျွန်တော့်ကိုလည်း ဘုကြည့်ကြည့်သည်။

"ဟေ့ကောင် . . . မင်း ပေါက်ကရတွေ လျှောက်တွေးမနေနဲ့။ မင်းဘာပြောချင်တယ်၊ ဘာဖြစ်နေတယ်ဆိုတာ သူသိတာမဟုတ်ဘူးကွ။ မင်းနဲ့လည်း ချိန်းထားတာမဟုတ်ဘူး။ သူ့အိပ်ရာထပျင်းရင်လည်း နောက်ကျနိုင်တာပဲ။ မင်းက အဘွားကြီးအိုကြီးကျနေတာပဲ၊ တောင်တွေးမြောက်တွေးနဲ့။ မင်းကောင်မလေးက ခုထိ အိပ်ပုတ်ကြီးပြီး ထဘီလည်ပင်းစွပ်နေရင်တောင် စွပ်နေမှာ"

သူ့စကားကြောင့် ကျွန်တော် ပြုံးလိုက်ပြီး -

"ဟေ့ကောင် . . . အဲဒါ မင်းနှမကွ"

"ဖြစ်ဖြစ်၊ ဒါ သူ့ကိစ္စ၊ သူဖြစ်သူခံပဲ"

"ဟေ့ကောင် . . . ငါ့ ခင်လေးက မင်းမဖြူလို မဟုတ်ဘူး"

ကျွန်တော်တို့ စကားဝိုင်းသည် ချက်ချင်း ပုံစံပြောင်းသွားသည်။ ပေါ်ဦးကတော့ တစ်စက်မှမလျှော့။

"မဖြူဖြစ်တော့ ဘာဖြစ်လဲ။ ဒီအကျင့်မျိုးရှိလေ ငါက သဘောကျလေပဲ။ နောင်အိပ်ရာထတိုင်း မင်္ဂလာရှိနေတာပေါ့"

"ဟာ . . . ဟေ့ကောင်"

ပေါ်ဦးက သဘောကျစွာ ဟားတိုက်ရယ်ရင်း-

"ဟေ့ကောင် . . . လာ၊ မန္တလေးဆောင်ဘက် တစ်ခေါက်လောက် လျှောက်ကြည့်ရအောင်"

ကျွန်တော် ဝမ်းသာအားရ လက်ဖျောက် တစ်ချက် တီးလိုက်ပြီး -

"အေး...ကောင်းတယ်၊ ငါ့ယောက်ဖ ပညာရှိတယ်"

နှစ်ယောက်သား ခပ်သွက်သွက် လျှောက်လာကြစဉ် ကျောင်းတက် သံချောင်းခေါက်သံကြားရသည်။

"အင်း . . . ဒီတစ်ချိန်လည်း နောက်ကျဦးမှာပဲ"

*****

"ကဲ . . . ကြည့်ကြည့်၊ ဝအောင်ကြည့် ဟိုမှာ"

ပေါ်ဦးဆီမှ ခပ်ငေါ့ငေါ့လေသံနှင့်အတူ ကျွန်တော့်ရင်အေးသည်။ မျက်နှာတွင်လည်း အပြုံးရိပ် အလိုလိုပေါ်လာ၏။

အတန်းထဲရှိ ရှေ့ဆုံးဒုတိယတန်း အလယ်ခုံတွင် ခင်လေးနှင့် မဖြူ။

ဖက်ဖူးရောင်စိမ်းစိမ်းလေး ဝတ်ထားသော ခင်လေးသည် လှမြဲလှနေ၏။ ဖွာကျနေသော ဆံပင်သည် နောက်ခုံနှင့် ထိသည့်နေရာ၌ တွန့်ခွေသည်။

"ရှီးတဲ့မှပဲ၊ ဖြစ်လိုက်ရင် အသည်းအသန်"

ပေါ်ဦးက ခုထိ ကျေနပ်ပုံမပေါ်။

"ဟိုရှေ့တံခါးပေါက်နားသွားရပ်ပြီး မင်းရောက်နေတာကို အသိပေးလိုက်ပါဦးလား"

"နေစမ်းပါကွာ"

ကျွန်တော်က ပေါ်ဦးကို လှမ်းဟန့်လိုက်ရင်း နောက်ပြန်လှည့်သည်။ ပေါ်ဦးက နားမလည်ဟန် ကြောင်ကြည့်၍ -

"ဒါက ဘယ်လဲ"

ကျွန်တော် ပြုံးလိုက်ပြီး -

"ပြန်မယ်လေကွာ"

"ဟင် . . . ဒါပဲလား"

ကျွန်တော် ခပ်တိုးတိုး ရယ်လိုက်ပြန်သည်။ သူ့ကို လက်ဆွဲခေါ်လာခဲ့ရင်း -

"လာစမ်းပါ၊ သူ့အတန်းတက်နေတာ တက်ပါစေ။ ကျောင်းကိုလာပြီဆို တော်ပြီ။ နေ့လယ်မှ ပြန်လာမယ်"

ပေါ်ဦးက မျက်မှောင်ကြုတ်မပျက်။

"အေး...ကောင်းတယ်၊ ဒီခေတ်က မင်းခေတ်ပဲ၊ မင်းကြိုက်သလိုလုပ်။ ဘာလဲ ကလပ်စ် ပြန်တက်မလို့လား"

ကျွန်တော် နာရီကိုငုံ့ကြည့်သည်။ ကိုးနာရီ နှစ်ဆယ်။

"ဟာ . . . သိပ်နောက်ကျနေပြီကွာ၊ မတက်တော့ဘူး။ လာ ဦးချစ်ဆိုင်သွားမယ်"

"အေး...အဲဒါ ငါအကြိုက်ဆုံး စီမံချက်ပဲ"

အေးသွားသောရင်ကြောင့် ခြေလှမ်းများ သွက်လက်ပေါ့ပါးသွားသည်။ တစ်ခါက ဖတ်ဖူးသော မောင်စိန်ဝင်း (ပုတီးကုန်း)၏ ကဗျာလေးကို အမှတ်ရလိုက်၏။

*"နေဆယ်စင်းနှင့်၊ လမင်းဆယ်ဆူ*
*ပြိုင်တူသာကြ၊ ခံစားရအောင်*
*နှောင်တွယ်ကျွမ်းရစ်၊ သောကဖြစ်သည်*
*အချစ်ဆိုတာ ဒါလား ခင်..."*

*****

စောစောက လမင်းဆယ်ဆူသည် ရိပ်ခနဲ ပျောက်ကွယ်သည်။

အလျှံညီးညီး ပူပြင်းလှသော နေဆယ်စင်းကို ဝင်းခနဲ မြင်လိုက်ရ၏။

လှမ်းလာသောခြေလှမ်းများ ဖျတ်ခနဲရပ်သွားသည်။

မြင်ကွင်း၏ အကျည်းတန်မှုကို ကျွန်တော် မသက်မသာ ခံစားလိုက်ရသည်။ ရင်ထဲတွင် အမည်မသိသောခံစားမှုများ ပြောင်းဆန်လာသည်။ ခံပြင်းမှုလား၊ ဝန်တိုမှုလား၊ မကျေနပ်မှုလား၊ ရှုပ်ထွေးမှုလား ကျွန်တော်မသိ။

တစ်ချိန်တည်းမှာပင် ရှေ့ဘက်လှမ်းရန် ပြင်ထားသော ခြေလှမ်းများကို ဖျတ်ခနဲပြန်ရုပ်သည်။ နောက်ကြောင်းတော့ မလှည့်ချင်။

ထို့ကြောင့် အနီးရှိ လက်ဖက်ရည်ဆိုင် အပြင်စားပွဲတွင် ဝင်ထိုင်လိုက်ကြ၏။

ခင်လေးတို့ ရှိနေသောနေရာက ထိုင်နေကျ မန္တလေးဆောင်နှင့် တောင်ငူဆောင်ကြား ခုံတန်းလျားမှာ။ ကျွန်တော်ရောက်နေသည့်နေရာက တောင်ငူဆောင် စားသောက်တန်းမှအထွက် ခပ်လှမ်းလှမ်းဖြစ်ရာ ကျွန်တော်ဝင်ထိုင်သော အရှည်ကြီးလက်ဖက်ရည်ဆိုင်မှ စားပွဲသည် အသင့်တော်ဆုံးနေရာ ဖြစ်သွား၏။

ခင်လေးတို့ ရှိသည့်ဘက်နှင့် ဘေးတိုက်ကျနေသဖြင့် ကျွန်တော် မျက်နှာထားရသက်သာသလို ကျွန်တော့်ကိုလည်း ရုတ်တရက် သတိမပြုမိနိုင်။

ထို့ပြင် မျက်စိတစ်ဆုံးကြည့်ရှုံနှင့် မြင်နေနိုင်သော နေရာဖြစ်သဖြင့် ခင်လေးတို့ လှုပ်ရှားမှုများကို သဲသဲကွဲကွဲ အကဲခတ်နိုင်သည်။ အသံမကြားနိုင်သည်ကတော့ ကိစ္စမရှိ။

ခင်လေးတို့၏ အမူအရာကို ကြည့်ရုံဖြင့် ဘာဖြစ်နေသည်ကို ကျွန်တော်ခန့်မှန်းနိုင်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**စောစောက လမင်းဆယ်ဆူသည် ရိပ်ခနဲ ပျောက်ကွယ်သည်။ အလျှံညီးညီး ပူပြင်းလှသော နေဆယ်စင်းကို ဝင်းခနဲ မြင်လိုက်ရ၏။ လှမ်းလာသောခြေလှမ်းများ ဖျတ်ခနဲရပ်သွားသည်။ မြင်ကွင်း၏အကျည်းတန်မှုကို ကျွန်တော် မသက်မသာခံစားလိုက်ရသည်။ ရင်ထဲတွင် အမည်မသိသောခံစားမှုများ ပြောင်းဆန်လာသည်။ ခံပြင်းမှုလား၊ ဝန်တိုမှုလား၊ မကျေနပ်မှုလား၊ ရှုပ်ထွေးမှုလား ကျွန်တော်မသိ**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။
**စာတည်း**

# မန်ယူအသင်းအတွက် ဒုတိယ တန်ဟက်ဖြစ်မလာဖို့ စိုးရိမ်မှုတွေထွက်ပေါ်နေတဲ့ နည်းပြသစ် ရူဘင်အာမိုရင်



မန်ယူအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခံထားခဲ့ရပြီဖြစ်တဲ့ နည်းပြရူဘင်အာမိုရင်ဟာ ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းမှ ကစားသမားသုံးဦးအထိ ခေါ်ယူသွားမှာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိအချိန်မှာ မန်ယူအသင်းက ပေါ်တူဂီလိဂ်ပြိုင်ပွဲမှာ ချန်ပီယံနှစ်ကြိမ်အထိ ရယူပေးနိုင်ခဲ့တဲ့ နည်းပြ ရူဘင်အာမိုရင်ကိုခေါ်ယူဖို့ သဘောတူညီထားပြီးဖြစ်တာကြောင့် ရူဘင်အာမိုရင်ဟာ နိုဝင်ဘာ ၁၁ ရက်မှာ အိုးထရက်ဖို့ဒ်ရဲ့ တာဝန်တွေကို စတင်တာဝန်ယူကိုင်တွယ်ရတော့မှာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ တိုက်စစ်ကစားသမားတစ်ဦး၊ ကွင်းလယ်ကစားသမားတစ်ဦးနဲ့ ဗဟိုကွင်းလယ်ကစားသမားတစ်ဦးတို့ကို ပြောင်းရွှေ့ကြေးပေါင် ၁၇၅ သန်းအထိ သုံးစွဲသွားဖို့လည်း စီစဉ်ထားတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ စပို့တင်းလစ္စဘွန်းအသင်းမှ တိုက်စစ်ကစားသမား ဂျိုးကီရက်စ်၊ ဗဟိုနောက်ခံ ကစားသမား ဂွန်ကာလိုအီနာစီယိုနဲ့ ကွင်းလယ်ကစားသမား မာတင်ဟက်ဂျယ်မန်တို့ကို ခေါ်ယူသွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။ အီနာစီယိုဟာ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက စပို့တင်းအသင်းနဲ့အတူ စတင်ပွဲထွက်ကစားခဲ့ပြီး ပြည်တွင်းဆုဖလားငါးကြိမ်အထိ ရယူပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပေါ်တူဂီနိုင်ငံသား နည်းပြရူဘင်အာမိုရင်ကို အသင်းရဲ့ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပြီးနောက် နည်းပြရူဘင်အာမိုရင်ရဲ့ လက်ထက်မှာ ကစားသမားစုဖွဲ့မှုဆိုင်ရာနဲ့ ပတ်သက်ပြီး ပုံစံသစ်တစ်ခုကို ပုံဖော်ရတော့မှာ ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ ၁၀ စုနှစ်တစ်ခုကြာ ဝေးကွာနေခဲ့ရတဲ့ ပရီမီယာလိဂ်ဖလားကို ရရှိနိုင်ဖို့ မျှော်လင့်ချက်တွေနဲ့ ရူဘင်အာမိုရင်ကို ခန့်အပ်ခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ၂၀၁၃ ခုနှစ်က နည်းပြဖာဂူဆန် အသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်သွားခဲ့ပြီးနောက် ပရီမီယာလိဂ်ဆုဖလားကို ရယူနိုင်ခဲ့ခြင်း မရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းက နည်းပြအဲရစ်တန်ဟက်ကို နည်းပြအဖြစ် ခန့်အပ်ခဲ့ပြီးနောက် အသင်းဟောင်းအေဂျက်အသင်းမှ ကစားသမားတွေကို စာချုပ်ချုပ်ဆိုခေါ်ယူမှုတွေပြုလုပ်ခဲ့တာကြောင့် မန်ယူအသင်းအတွက် အောင်မြင်မှုတွေနဲ့ ဝေးကွာခဲ့ရပြီး ယခုအသစ်ခေါ်ယူထားတဲ့ နည်းပြ ရူဘင်အာမိုရင်ကလည်း နွေရာသီဈေးကွက်အတွင်းမှာ အသင်းဟောင်း စပို့တင်းအသင်းကနေ ကစားသမားတွေခေါ်ယူဖို့ စီစဉ်နေတာဖြစ်တဲ့အတွက် မန်ယူအသင်းပရိသတ်တွေအနေနဲ့ စိုးရိမ်မှုတွေ ထွက်ပေါ်နေတယ်လို့လည်း သိရပါတယ်။

# ဘွန်ဒက်လီဂါရှုံးပွဲမရှိစံချိန်နဲ့အတူ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်ခွင့်ရရှိနေတဲ့ ဘိုင်ယန်မြူးနစ်



ဘိုင်ယန်မြူးနစ်အသင်းဟာ နိုဝင်ဘာ ၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်(၉)မှာ ယူနီယံဘာလင်အသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါရှုံးပွဲမရှိစံချိန်နဲ့အတူ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ ယူနီယံဘာလင်အသင်းတို့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၅ မိနစ်(ပင်နယ်တီ)နဲ့ ၅၁ မိနစ်တို့မှာ ဟယ်ရီကိန်းက နှစ်ဂိုး၊ ၄၃ မိနစ်မှာ ကိုးမန်းက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ယခုဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ် ၁၄ ပွဲမှာ သွင်းဂိုး ၁၇ ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့အပြင် ဂိုးဖန်တီးမှု ရှစ်ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ လက်ရှိဘောလုံးရာသီမှာ ဘွန်ဒက်လီဂါသွင်းဂိုး ၁၁ ဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ထားကာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် ၄၁ ပွဲမှာ သွင်းဂိုး ၆၀ အထိ ပါဝင်ပတ်သက်နေပြီး သွင်းဂိုး ၄၇ ဂိုး၊ ဂိုးဖန်တီးမှု ၁၃ ကြိမ်အထိ ပါဝင်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ယူနီယံဘာလင်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူနီယံဘာလင်အသင်းရဲ့ သုံးပွဲဆက် ရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ရတာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းအတွက်တော့ ဘွန်ဒက်လီဂါ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

နည်းပြကွန်ပနီရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ထားတဲ့ ဘင်ဖီကာအသင်းနဲ့ ယခုတစ်ပတ်အတွင်း ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘွန်ဒက်လီဂါပြိုင်ပွဲမှာတော့ ပွဲစဉ်ကိုးပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၃ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာ ဖြစ်ပါတယ်။

# စာချုပ်သက်တမ်းကုန်ဆုံးခဲ့လို့ ဖလူမီနီအသင်းနဲ့ မာဆယ်လို လမ်းခွဲခဲ့ရပြီဖြစ်



ဘရာဇီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ နောက်တန်းကစားသမားဟောင်း တစ်ဦးဖြစ်တဲ့ မာဆယ်လိုဟာ ဘရာဇီးစီးရီးအေကလပ် ဖလူမီနီအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်တာကြောင့်အသင်းနဲ့ လမ်းခွဲခဲ့ရပြီလည်းဖြစ်ပါတယ်။

**ဆုဖလား ၂၅ လုံးအထိရယူ**

ဘရာဇီး နောက်တန်းကစားသမားဟောင်း မာဆယ်လိုဟာ စပိန်လာလီဂါထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၁၅ နှစ်ကြာ ဖြတ်သန်းခဲ့ရာမှာ ဆုဖလား ၂၅ လုံးအထိ ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

မာဆယ်လိုဟာ လူငယ်ကစားသမားဘဝကို ဘရာဇီးစီးရီးအေကလပ် ဖလူမီနီအသင်းနဲ့ စတင်ခဲ့တာဖြစ်ပြီး ၂၀၀၇ ခုနှစ်ဇန်နဝါရီလ အပြောင်းအရွှေ့ကာလမှာ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

မာဆယ်လိုဟာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းက လူငယ်ကစားသမားဘဝကို စတင်ခဲ့တဲ့ ဖလူမီနီအသင်းဆီ ပြန်လည်ပြောင်းရွှေ့ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်တာကြောင့် အသင်းနဲ့ လမ်းခွဲခဲ့ရတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အက်စ်တွန်ဗီလာအသင်းကို အနိုင်ရပြီး စပါးအသင်း အဆင့်(၇)နေရာတက်လှမ်း

စပါးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ နိုဝင်ဘာ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၀)မှာ စပါးအသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၇)နေရာသို့ တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

စပါးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းက ပထမပိုင်းပွဲကစားချိန် ၃၂ မိနစ်မှာ ရရှိခဲ့တဲ့ မိုဂန်ရော်ဂျာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၄၉ မိနစ်မှာ ဂျွန်ဆင်ရဲ့သွင်းဂိုးရရှိခဲ့လို့ သရေရလဒ်ထွက်ပေါ်နေချိန်မှာ စပါးအသင်းက အနိုင်ဂိုးရရှိရေး ဘန်တန်ကာ၊ ဆွန်ဟောင်မင်နဲ့ ရိုမဲရိုးတို့ရဲ့နေရာမှာ ဘစ်ဆူးမား၊ ရစ်ချာလီဆန်၊ ဘန်ဒေးဗီးစ်တို့ကို ထည့်သွင်းကစားခဲ့ပြီးနောက် ကစားဟန်ပိုမိုကောင်းမွန်လာခဲ့ကာ ၇၅ မိနစ်နဲ့ ၇၉ မိနစ်တို့မှာ ဆိုလန်ကီက နှစ်ဂိုး၊ သာမန်ပွဲစားချိန်ပြီး နာကျင်အချိန်ပို ခုနစ်မိနစ်မှာ မက်ဒီဆင်က တစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၃)နေရာကို တက်လှမ်းနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။




မြန်မာလှေလှော်အားကစားသမားများကို တွေ့ရစဉ်။

❍ ကျောဖုံးမှ

အလားတူ မြန်မာ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ယူကရိန်းအသင်းတို့သည် နိုဝင်ဘာ ၃ ရက်က အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ (၁၀) တက်လှော်ဗိုလ်လုပွဲကို ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက ပထမ (ရွှေတံဆိပ်)၊ ဟန်ဂေရီအသင်းက ဒုတိယ(ငွေတံဆိပ်)၊ အင်ဒိုနီးရှားအသင်းက တတိယ(ကြေးတံဆိပ်) တို့ ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခုရရှိခဲ့ပြီး ယခုကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ထပ်မံ ရရှိခဲ့သည့်အတွက် လက်ရည်စစ်ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခု ရရှိခဲ့ပြီးဖြစ်သည်။

**အဆင့်ဆင့်ယှဉ်ပြိုင်ကြရ**

လက်ရည်စစ် ပြိုင်ပွဲများဖြစ်သည့် အမျိုးသား (၁၀) တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား (၈) တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား၊ အမျိုးသမီး (၈) တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား၊ အမျိုးသမီး (၁၀)တက်လှော် မီတာ ၂၀၀ နှင့် အမျိုးသား၊ အမျိုးသမီး (၁၀) တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲများတွင် အသင်း ၁၆ သင်းအား အုပ်စုလေးစုခွဲ၍ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်အဆင့်များအထိ အဆင့်ဆင့် ယှဉ်ပြိုင်ကြရကြောင်း သိရသည်။

ယင်းပြိုင်ပွဲမှ အကောင်းဆုံးအသင်း ၁၂ သင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ လာမည့် ၂၀၂၅ ခုနှစ် ဩဂုတ် ၉ ရက်နှင့် ၁၀ရက်တို့တွင် ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာလှေလှော် အားကစားသမားများသည် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ **အာဆီယံဖူဆယ်ပြိုင်ပွဲမှ**

အုပ်စု (A) တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ တီမော၊ ဘရူနိုင်း၊ အုပ်စု (B) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဩစတြေးလျနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ အုပ်စု (A) ပွဲစဉ်များကို နိုဝင်ဘာ ၂ရက်နှင့် ၃ ရက်တို့က ကျင်းပခဲ့ပြီး ဗီယက်နမ်အသင်းက တီမောအသင်းကို လေးဂိုး-တစ်ဂိုး၊ ထိုင်းအသင်းက ဘရူနိုင်းအသင်းကို ၁၃ ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက ဘရူနိုင်းအသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက တီမောအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ကိုညီလေး**


ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားစို့**

■ စားသုံးဆီများတွင် အခြေခံအားဖြင့် ကျန်းမာရေးအရ သင့်တင့်စွာ စားသုံးနိုင်သည့် မပြည့်ဝဆီများ (Unsaturated)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ (Saturated Fats) နှင့် လုံးဝမစား သုံးသင့်သော အသွင်ပြောင်းဆီများ (Trans Fats) ဟူ၍ (၃)မျိုးရှိပါသည်။

■ မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ် (HDL) တိုကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါ နှင့် အမျိုးအစား(၂) ဆီးချိုရောဂါစသည့် မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေပါ သည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)

■ ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ် (LDL) များ လွန်ကဲစွာ မြင့်တက် စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍ သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ (ဥပမာ - စားအုန်းဆီ၊ ဆီကြော်အစား အစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)




■ အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ်ပါဝင်သော်လည်း အများစုမှာ ဟင်းသီးဟင်းရွက် ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်စီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသော ဆီများတွင် ပါဝင်သည်။

➤ အသင့်စားအစားအစာများဖြစ်သည့် အားလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများတွင် ပါဝင်သည့်ဆီဖြစ်သည်။

➤ ဆိုးကျိုးများမှာ - သွေးတွင်းမကောင်းသောအဆီ (Trigiycerides) များပိုမိုမြင့်တက် စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကို ကျစေခြင်း၊ အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါနှင့် အချို့သော ကင်ဆာရောဂါများ ဖြစ်နိုင်ခြေမြင့်မားစေခြင်းတို့ ဖြစ်စေနိုင်သည်။



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စားပါ၊ မပြည့်ဝဆီသင့်တင့်စွာစားပါ၊ အသွင်ပြောင်းဆီပါဝင်နိုင်သည့် အစားအစာများ စားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ပါ၊**

(မေလ၊ ၂၀၂၄)



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**


## ကိုစိုးဦး(ခ)မုဟမ္မဒ် ဟူစိုင်းန် နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်းကျယ်၊ အမှတ်(၃၂/ ၅-လွှာ) နေ ကိုစိုးဦး(ခ)မုဟမ္မဒ် ဟူစိုင်းန် (KMW-135250)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၈-လမ်း၊ အမှတ်(၃၄)၊ ၅-လွှာ နေ မနယ်လီစိုး(ခ)မစ်ဘားစွလ်သာနာဟ်ဘီ [၁၂/ပဘတ(နိုင်)၀၃၄၉၁၉] တို့သည် (၁၈-၁-၂၀၁၃)ရက်နေ့တွင် မဟာရ်ရွှေ(၅)ကျပ်သား လက်ငင်းပေးဆောင်၍ အစ္စလာမ့်တရားတော်နှင့်အညီ နိကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ပြီး သား(၂)ဦး၊ သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ အိမ်ထောင်သက်တမ်းအတွင်း ကိုစိုးဦး(ခ)မုဟမ္မဒ် ဟူစိုင်းန်သည် တာဝန်ယူမှု/တာဝန်ခံမှု မရှိခဲ့ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မနယ်လီစိုး(ခ)မစ်ဘားစွလ်သာနာဟ်ဘီအား လျစ်လျူရှု ဥပေက္ခာပြုထားပြီး မည်သည့်အထောက်အပံ့၊ အဆက်အသွယ်၊ အဆက်အဆံမရှိသည်မှာ (၁)နှစ်ကျော်ခန့်ရှိပြီဖြစ်ခြင်းတို့ကြောင့် ဇနီးဖြစ်သူမှ အိမ်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းထံ လျှောက်ထားခဲ့ရာ အဆိုပါအဖွဲ့အစည်းမှ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန် ကိုစိုးဦး(ခ)မုဟမ္မဒ် ဟူစိုင်းန်အား အကြိမ်ကြိမ်ဆင့်ခေါ်ခဲ့သော်လည်း လာရောက်ရှင်းလင်းခြင်းမရှိဘဲ ပျက်ကွက်ခဲ့ခြင်းတို့ကြောင့် ဓမ္မသတ်ဌာနထံမှ အစ္စလာမ့်တရားဥပဒေ ဖသာဝါဓမ္မသတ်ဆုံးဖြတ်ချက်ရယူခဲ့ပြီး (၃-၁၁-၂၀၂၄)ရက်နေ့တွင် (သွလာကေဇာအင်န်) တစ်ကြိမ် တရားတော်နှင့်အညီ အတည်ပြုခံယူခဲ့ပြီးဖြစ်ရာ ခင်ပွန်းအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲပြီးကြောင်း မြွက်ဟကြေညာခဲ့ပြီးသည်ဖြစ်၍ မနယ်လီစိုး(ခ)မစ်ဘားစွလ်သာနာဟ်ဘီနှင့် ကိုစိုးဦး(ခ)မုဟမ္မဒ် ဟူစိုင်းန်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စကိုမျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မနယ်လီစိုး(ခ)မစ်ဘားစွလ်သာနာဟ်ဘီ** | **ဦးမြတ်သန်းဦး** |
| **အမှတ်(၃၂/၅-လွှာ)၊ လမ်းကျယ်၊** | **[B.A(Eco:) H.G.P, D-A (1)]** |
| **မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊** | **အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)** |
| **ရန်ကုန်မြို့။** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **(၀၉-၇၈၃၅၄၂၉၀၀)** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဘိုးတော်ဘုရား)၊ ဦးပိုင်အမှတ်(၅၀^ခ)၊ ဧရိယာ(၀.၀၇၇)ဧကရှိ ဦးအေးလွင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးအေးလွင်(ဘ) ဦးကျော်မြ [၉/တကန(နိုင်)၀၁၁၃၁၇] မှ မြေငှားစာချုပ် သက်တမ်းတိုးပေးပါရန် နှစ်(၃၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ တင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် သက်တမ်းတိုးလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ (၃၃)လမ်း၊ အမှတ်(၁၆၂) ဟုခေါ်တွင်သည့် မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၇)ထပ်တိုက်၏ ပထမထပ်၊ ၂-လွှာ၊ အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ) ရှိ တိုက်ခန်း (၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မေမေဝင်း (ဘ) ဦးစောထွန်း [၁၂/ကတတ(နိုင်)၀၀၄၄၇၁] က လက်ဝယ်ရှိ တစ်ဦးတည်းပိုင်ဆိုင်ထားပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်သက်မွန် (LL.B, LL.M, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၀၁၃)**
**အမှတ်(၅၅၇/၅၆၇)၊ အခန်း(၉၀၂)၊ ၉-လွှာ၊ MAC Tower,**
**မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-795492660**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ-ထ-က(ကော့ပရံ) Grade-11 မှ မပန်းအိသဇင်၏ ဖခင်အမည်မှန်မှာ ဦးအုံးလွင် [၁၀/ခဇန(နိုင်)၀၀၃၅၈၇] ဖြစ်ပါကြောင်း။

**ဦးအုံးလွင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းထွန်း [၁၂/ဒလန(နိုင်)၀၂၉၅၄၇] CDC-41479 ၏ Deck Officer Class-3 Result Sheet မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၀၆၄၀၁၁**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉)ရပ်ကွက်၊ ရွှေစံပါယ်လမ်း၊ အမှတ်(၁၅၀၃)၊ ဦးမျိုးချစ် အမည်ပေါက် ပါမစ်မြေ၏ အကျယ်ပေ(၄၀x၆၀) အနက်မှ မြေကွက်အမှတ်-၁၅၀၂ နှင့် ကပ်လျက်ဘက် မြေအကျယ်ပေ(၂၀x၆၀) ရှိ မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သန္တာချစ်[၁၂/ဒဂတ(နိုင်)၀၃၀၅၇၆]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း၊ မြေအမည်ပေါက်နှင့် အရပ်ကတိစာချုပ်အဆင့်ဆင့်တို့သည် မှန်ကန်သည်ကို တာဝန်ယူပါကြောင်း ဝန်ခံပါသဖြင့် ဦးထွန်းအောင်ကျော် [၁၂/ဒလန(နိုင်)၀၄၂၂၄၅]+ဒေါ်အေးသီတာ[၁၂/ဒလန(နိုင်)၀၄၄၉၀၇] တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းအောင်ကျော်+ဒေါ်အေးသီတာတို့၏ ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသီရိဆွေ(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၃၀၁)(၁၃-၁၀-၂၀၂၂)**
**ရုံး-(ဃ/၃၀၄)၊ မောသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၇၇၇၅၂၆၄၀**

## အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၂၇/၂၊ ၅/၂-ရပ်ကွက်၊ အမှတ်(၂၆၈)၊ (၄၀x ၆၀)ပေရှိ ဦးကျော်ဝင်း အမည်ပေါက် နှစ်-၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၁)ထပ်တိုက်အိမ်အပါ အကျိုးခံစားခွင့်အရပ်ရပ်**တို့အား ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူထားသော ဖခင်ဖြစ်သူထံမှ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နန္ဒာစိုးအေး [၁၂/အစန(နိုင်)၁၉၀၃၆၁]၊ ဦးဇာနည်စိုးဝင်း [၁၂/အစန(နိုင်)၁၉၃၅၅၅]၊ ဒေါ်ဆုသဉ္ဇာစိုး[၁၂/အစန(နိုင်)၂၀၅၇၀၃] ထံမှ ကျွန်ုပ်မိတ်ဆွေများကိုယ်စား ဒေါ်နှင်းနှင်းလှိုင်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်သင်းသင်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၈)**
**အမှတ်(၂၅၉/ ခ)၊ ရွှေဘုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၇၄၅၈၈၂**


**STAR**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330


## "အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်-၅၀(က) တွင်နေထိုင်ခဲ့သည့် ဒေါ်လဲ့လဲ့ဇင်[၁၂/ဥကတ(နိုင်)၁၄၆၉၃၅] ကိုင်ဆောင်သူ၏ ငွေရေးကြေးရေးကိစ္စအရပ်ရပ်သည် ဒေါ်လက်လက်ဇင် ကိုယ်တိုင် တာဝန်ခံအရာရှိရှေ့မှောက်၌ လက်မှတ်ရေးထိုးလက်ခံရယူခဲ့သည့် နို့တစ်စာအရ ၎င်း၏ခင်ပွန်း ဦးမျိုးသီဟနှင့်ဖြစ်စေ၊ မိသားစုနှင့်ဖြစ်စေ၊ ခင်ပွန်း၏ မိဘဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့်ဖြစ်စေ လုံးဝမသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဤသို့ အသိပေးကြေညာထားပါလျက် မည်သူမဆို ဒေါ်လဲ့လဲ့ဇင်၏ ငွေကြေးကိစ္စနှင့်ပတ်သက်၍ တစ်နည်းနည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အနှောင့်အယှက်ပြုလာပါက ဥပဒေနှင့်အညီ ၎င်းတို့ကျူးလွန်သည့်ပြစ်မှုအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးသီဟ၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်အေးသဲခိုင်**
**အထက်တန်းရှေ့နေ (စဉ်-၄၁၃၅၄)**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ သံတွဲ၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan–Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၃)ကျောင်းတို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) မြို့ပြအင်ဂျင်နီယာ [အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ပြင်ဦးလွင်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]
- (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ [အပိုဒ်(၁) ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ သံတွဲ၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ[အပိုဒ်(၁)ပါကျောင်းပေါင်း(၃၂)၊ ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]
- (ဃ) စက်မှုအင်ဂျင်နီယာ [အပိုဒ်(၁) ပါ ကျောင်းပေါင်း(၃၂)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)]
- (င) သုတနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်)]
- (စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ [အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်၊ ပြင်ဦးလွင်)]
- (ဆ) စက်မှုလယ်ယာနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်)]
- (ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)]
- (ဈ) စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ (ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၄ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၄ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း(မူရင်း)။
- (ဃ) လျှောက်ထားသူ၏အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။
- (င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။
- (စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
## အမှတ်(၃၅)၊ နေပြည်တော်
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်
## ဘွဲ့ကြိုရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း သင်တန်းသားများခေါ်ယူခြင်း

၁။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ ပြည်မြို့ရှိ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၌ ဘွဲ့ကြိုရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်း (၂၀၂၄-၂၀၂၅) ပညာသင်နှစ်ကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) သင်တန်းအမည် | - | ဘွဲ့ကြိုရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်း |
| (ခ) သင်တန်းကာလ | - | (၁)နှစ် |
| (ဂ) ပညာအရည်အချင်း | - | တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဃ) သင်တန်းဖွင့်လှစ်မည့်နေ့ | - | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၁) ရက် |
| (င) ပေးအပ်မည့်ဒီပလိုမာ | - | ဘွဲ့ကြိုရှေးဟောင်းသုတေသနပညာဒီပလိုမာ<br>Undergraduate Diploma in Archaeology<br>(Dip:in Archaeology) |
| (စ) သင်တန်းတည်နေရာ | - | ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၊ မှော်ဇာ၊ ပဲခူးတိုင်းဒေသကြီး။ |

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို (၂၄-၁၀-၂၀၂၄) ရက်နေ့မှစ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ ၃၂ ဒီ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ၂၈-လမ်း၊ ၇၀-၇၁ ကြား၊ မန္တလေးမြို့။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့နှင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၊ မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီးတို့၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို (၂၀-၁၁-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားကြရမည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်) ဖုန်း-၀၉-၄၀၀၃၀၁၂၈၉၊ ၀၉-၂၅၄၂၃၆၆၃၉၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၃၉၊ ၀၆၇-၄၀၈၀၄၀၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁-၅၉၀၂၅၂၊ မန္တလေးဌာနခွဲ ဖုန်း-၀၂-၄၀၆၀၀၆၁၊ ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၂၁၃၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
## အမှတ်(၃၅)၊ နေပြည်တော်
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာ(၁)နှစ်သင်တန်း၊ အမှတ်စဉ်(၂၂) နှင့် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာ(၁)နှစ်သင်တန်း၊ အမှတ်စဉ် (၁၉) သင်တန်းသားများခေါ်ယူခြင်း

၁။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်(ရန်ကုန်)နှင့် ပြည်မြို့ရှိရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)တို့၌ ဖွင့်လှစ်မည့် ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာသင်တန်းနှင့် ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်းတို့ကို (၂၀၂၄-၂၀၂၅) ပညာသင်နှစ်တွင် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

| | |
|---|---|
| (က) သင်တန်းအမည် | -ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း၊<br>ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်း၊ |
| (ခ) သင်တန်းကာလ | -(၁)နှစ် |
| (ဂ) ပညာအရည်အချင်း | -ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ |
| (ဃ) သင်တန်းဖွင့်လှစ်မည့်နေ့ | -၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၁) ရက် |
| (င) ပေးအပ်မည့်ဒီပလိုမာ | -ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ<br>Post Graduate Diploma in Museology (P.G.D.M)<br>ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ<br>Post Graduate Diploma in Applied Archaeology (P.G.D.A.A) |
| (စ) သင်တန်းတည်နေရာ | -အမျိုးသားပြတိုက်(ရန်ကုန်)၊ ၆၆/၇၄ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၊ မှော်ဇာ၊ ပဲခူးတိုင်းဒေသကြီး။ |

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို (၁-၁၁-၂၀၂၄) ရက်နေ့မှစ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ ၃၂ ဒီ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ၂၈-လမ်း၊ ၇၀-၇၁ ကြား၊ မန္တလေးမြို့။ အမျိုးသားပြတိုက်(နေပြည်တော်)၊ အမျိုးသားပြတိုက်(ရန်ကုန်) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့နှင့် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၊ မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီးတို့၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို (၂၀-၁၁-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားကြရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(ရန်ကုန်) ဖုန်း-၀၁-၃၇၈၆၅၂၊ ၃၇၁၅၃၉ နှင့် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်) ဖုန်း-၀၉-၄၀၀၃၀၁၂၈၉၊ ၀၉-၂၅၄၂၃၆၆၃၉၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၃၉၊ ၀၆၇-၄၀၈၀၄၀၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁-၅၉၀၂၅၂၊ မန္တလေးဌာနခွဲ ဖုန်း-၀၂-၄၀၆၀၀၆၁၊ ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၂၁၃၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၁၀-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာတွင် စာမျက်နှာ-(၂၅) ပါ ဒေါ်မေသန္တာသိန်း (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်သီဂီနိုင် (အထက်တန်းရှေ့နေ)၏ အများသိရှိနိုင်စေရန် ကြေညာခြင်း ကြော်ငြာတွင် ဒေါ်မီမီကျော်အေး [၁၂/သဃက(နိုင်)၁၇၆၉၂၆] အစား ဒေါ်မီမီကျော်အေး [၁၂/သဃက(နိုင်)၁၇၆၉၂၉]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်(၂)မျိုးဖြင့်လူတစ်ဦးတည်း ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်ဆုလှိုင်မိုး [၈/သရန(နိုင်)၀၉၀၀၆၁]၏ ဆယ်တန်းအောင်လက်မှတ်မူရင်း၊ ဥပဒေဘွဲ့လက်မှတ်မူရင်းတို့တွင် အမည်မှာ ဒေါ်ဆုလှိုင်ဟု ဖော်ပြထားပြီး မှတ်ပုံတင်မူရင်းနှင့် သန်းခေါင်စာရင်းမူရင်းတို့တွင် ဒေါ်ဆုလှိုင်မိုးဟု ဖော်ပြထား၍ အမည်(၂)မျိုး ဖြစ်သော်လည်း လူတစ်ဦးတည်းသာလျှင် ဖြစ်ပါသည်။

**ဒေါ်ဆုလှိုင်မိုး [၈/သရန(နိုင်)၀၉၀၀၆၁]**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ Y.R.S ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင်ထွဋ်ခေါင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းလတ် [၇/ဝမန(နိုင်)၀၉၉၂၁၆] ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းလတ်**
**[၇/ဝမန(နိုင်)၀၉၉၂၁၆]**

# မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့် |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | အကြောင်းအရာ |
| ၁။ | ဒေါ်သီတာလွင်+၁ | ၉/မထလ(နိုင်)၀၆၃၁၅၅ | ဒဂုံအရှေ့ | ၁၁ | ၁၈၈/က | ဒေါ်မြင့်မြင့်သိန်း | ၁၈၈/က၊နောင်ရိုး(၂)လမ်း၊(၁၁)ရပ်ကွက်၊ဒဂုံအရှေ့ | ဂရန်ခွဲ |
| ၂။ | ဒေါ်သီတာငြိမ်း | ၃/ဘအန(နိုင်)၀၃၃၇၀၂ | ဒဂုံမြောက် | ၄၂ | ၁၄၀၈ | ဦးမျိုးမြတ်နောင်၊ဦးကြည်စိုးထွန်း | ၁၄၀၈၊ ဇော်ဂျီလမ်း၊ (၄၂)ရပ်ကွက် | အမည်ပြောင်း |
| ၃။ | ဒေါ်ခင်အေး | ၁၂/ဥကတ(နိုင်)၁၂၇၈၅၃ | ဒဂုံအရှေ့ | ၁၁ | ၁၈၈/ခ | ဒေါ်မြင့်မြင့်သိန်း | ၁၈၈/ခ၊နောင်ရိုး(၂)လမ်း၊(၁၁)ရပ်ကွက်၊ဒဂုံအရှေ့ | ဂရန်ခွဲ |
| ၄။ | Myanmar Unisteel Trading Co,Ltd | No-110779771 | ဒဂုံတောင် | ၂၁ | ၇၀၄ | ဦးရွှေတိုး | ၇၀၄၊ ချောင်းသာ(၁)လမ်း၊ (၂၁)ရပ်ကွက် | အမည်ပြောင်း |
| ၅။ | Myanmar Unisteel Trading Co,Ltd | ၁၁၀၇၇၉၇၇၁ | ဒဂုံတောင် | ၂၁ | ၇၀၅ | ဦးရွှေတိုး | ၇၀၅၊ ချောင်းသာ(၁)လမ်း၊ (၂၁)ရပ်ကွက် | အမည်ပြောင်း |
| ၆။ | Myanmar Unisteel Trading Co,Ltd | ၁၁၀၇၇၉၇၇၁ | ဒဂုံတောင် | ၂၁ | ၇၀၆/က | ဦးရွှေတိုး | ၇၀၆/က၊ ချောင်းသာ(၁)လမ်း၊ (၂၁)ရပ်ကွက် | အမည်ပြောင်း |
| ၇။ | Myanmar Unisteel Trading Co,Ltd | ၁၁၀၇၇၉၇၇၁ | ဒဂုံတောင် | ၂၁ | ၇၀၆/ခ | ဦးရွှေတိုး | ၇၀၆/ခ၊ ချောင်းသာ(၁)လမ်း၊ (၂၁)ရပ်ကွက် | အမည်ပြောင်း |
| ၈။ | Myanmar Unisteel Trading Co,Ltd | ၁၁၀၇၇၉၇၇၁ | ဒဂုံတောင် | ၂၁ | ၇၁၀ | ဒေါ်တင်တင်ဝင်း | ၇၁၀၊ ပြည်ထောင်စုလမ်း၊ (၂၁)ရပ်ကွက် | အမည်ပြောင်း |
| ၉။ | Myanmar Unisteel Trading Co,Ltd | ၁၁၀၇၇၉၇၇၁ | ဒဂုံတောင် | ၂၁ | ၇၀၅ | ဒေါ်တင်တင်ဝင်း | ၇၀၅၊ ချောင်းသာ(၁)လမ်း၊ (၂၁)ရပ်ကွက် | အမည်ပြောင်း |
| ၁၀။ | Myanmar Unisteel Trading Co,Ltd | ၁၁၀၇၇၉၇၇၁ | ဒဂုံတောင် | ၂၁ | ၇၀၉ | ဦးရွှေတိုး | ၇၀၉၊ပြည်ထောင်စုလမ်းနှင့်လှော်ကားလမ်းထောင့်၊(၂၁)ရပ်ကွက် | အမည်ပြောင်း |
| ၁၁။ | မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် | ၈၈၆/၂၀၀၄-၂၀၀၅ | သဃ်န်းကျွန်း | ၅၂+၅၃(နှင်းဥယျာဉ်အိမ်ရာ) | ၁၇၆ | မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် | ၁၇၆၊နှင်းပန်းလမ်းသွယ်(၄)လမ်း၊နှင်းဥယျာဉ်အိမ်ရာ | ဂရန်သစ် |
| ၁၂။ | မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် | ၈၈၆/၂၀၀၄-၂၀၀၅ | သဃ်န်းကျွန်း | ၅၂+၅၃(နှင်းဥယျာဉ်အိမ်ရာ) | ၁၂၆ | မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် | ၁၂၆၊ နှင်းပန်းလမ်း၊ နှင်းဥယျာဉ်အိမ်ရာ | ဂရန်သစ် |
| ၁၃။ | မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် | ၈၈၆/၂၀၀၄-၂၀၀၅ | သဃ်န်းကျွန်း | ၅၂+၅၃(နှင်းဥယျာဉ်အိမ်ရာ) | ၂၃၄ | မဟာရွှေတောင်ကုမ္ပဏီလီမိတက် | ၂၃၄၊နှင်းပန်းလမ်းသွယ်(၆)လမ်း၊နှင်းဥယျာဉ်အိမ်ရာ | ဂရန်သစ် |
| ၁၄။ | မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် | ၈၈၆/၂၀၀၄-၂၀၀၅ | သဃ်န်းကျွန်း | ၅၂+၅၃(နှင်းဥယျာဉ်အိမ်ရာ) | ၁၂၃ | မဟာရွှေတောင်ကုမ္ပဏီလီမိတက် | ၁၂၃၊ နှင်းပန်းလမ်း၊ နှင်းဥယျာဉ်အိမ်ရာ | ဂရန်သစ် |
| ၁၅။ | မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် | ၈၈၆/၂၀၀၄-၂၀၀၅ | သဃ်န်းကျွန်း | ၅၂+၅၃(နှင်းဥယျာဉ်အိမ်ရာ) | ၁၃၈ | မဟာရွှေတောင်ကုမ္ပဏီလီမိတက် | ၁၃၈၊ နှင်းပန်းလမ်း၊ နှင်းဥယျာဉ်အိမ်ရာ | ဂရန်သစ် |

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ဥယျာဉ် မြေအလှူရှင်**

## ခမည်းတော် ဦးရွှေမန်း (နတ်မောက်)

### အသက် (၉၁) နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးကျေးရွာနေ (ဦးကျော်ပေါ်-ဒေါ်စံမေ)တို့၏ သား၊ (ဦးအောင်ညို- ဒေါ်အေးစိန်)တို့၏ သားသမက်၊ မယ်တော်ကြီး (ဒေါ်တင်မြ)၏ ခင်ပွန်း၊ ဗဟန်းမဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ တိုက်အုပ်ဆရာတော်၊ မရမ်းကုန်း၊ အောင်ပြည့်အေးချမ်း ကေတုမတီပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ ခမ္ဘစကူး(လ်)ဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသိရိကဉ္စနာဘိဝံသ၏ ခမည်းတော်ကြီး၊ ဦးမောင်စိန်- ဒေါ်ခင်လှ၊ ဦးသန်းကျော်-(ဒေါ်ရွှေကျင်)၊ ဒေါ်ခင်အုန်း၊ (ဒေါ်ခင်ပြုံး)၊ ဦးအောင်မြင့်ဦး-ဒေါ်မြင့်မြ၊ ဦးသိန်းထွန်း- ဒေါ်ဖြူနှင်းသွယ်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး/မြစ်တို့၏အဘိုး ဦးရွှေမန်း အသက်(၉၁)နှစ်သည် ၁-၁၁-၂၀၂၄ (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးရွာ သီးသန့်မြေနေရာ၌ ၇-၁၁-၂၀၂၄ ရက်တွင် အုတ်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့ကို အသိပေး အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

---

**(၁)လပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း**
**အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိခင်ကြီး**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ နတ်လမ်း၊ ရေတွင်း ရေကန်၊ ယောဂီဆောင်၊**
**စာပေကျမ်းဂန်အလှူရှင် ဒါယိကာမကြီး**

## ဒေါ်ရွှေရင်

### အသက်(၉၇)နှစ်

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေရင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည်မှာ (၄-၁၁-၂၀၂၄)ခုနှစ်တွင် (၁)လပြည့်ပြီးဖြစ်သော်လည်း စက္ကန့်မခြား သတိရလျက်ရှိပါသည်။

(၁၀-၁၀-၂၀၂၄)ခုနှစ်၊ ရက်လည်ဆွမ်းကျွေးနေ့တွင် ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်းရှိ စတုဘုမ္မိက ကျောင်းတိုက်တွင် နှစ်ထပ်ဆွမ်းစားဆောင်အသစ် ဆောက်လုပ်ရန်အတွက် အလှူငွေများ မတည်ထည့်ဝင်လှူဒါန်းခဲ့ပါသည်။

(၄-၁၁-၂၀၂၄)ရက်နေ့ (၁)လပြည့်တွင် ဆရာတော် ဦးကုမာရနှင့် သံဃာတော်များ၊ ဆရာကြီး၊ ဆရာလေးများအား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ပြုပြီး ပြုဆဲ၊ ပြုလတ္တံ့ ကုသိုလ်ကောင်းမှုများကို မားမား ဒေါ်ရွှေရင် မိခင်ကြီး ဒေါ်ရွှေရင် အား သားတို့၊ သမီးတို့မှ ရေစက်သွန်းချ အမျှပေးဝေပါသည်။

ဤကောင်းမှုများကြောင့်

**မားမား ဒေါ်ရွှေရင်၊ မိခင်ကြီး ဒေါ်ရွှေရင်** အမျှရ၍ မြင့်မြတ်သောဘုံဘဝတွင် သာစုခေါ်ဆိုနိုင်ပါစေ။

**မားမား ဒေါ်ရွှေရင်၊ မိခင်ကြီး ဒေါ်ရွှေရင်**ရေ - အမျှ --- အမျှ ---- အမျှ

**ကျန်ရစ်သူ သားသမီးမြေးမြစ်တစ်စု**
**အမှတ်(၄၀၀)၊ မာလာမြိုင်လမ်း၊ (၁၆/၃)ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ကိုချစ်ထွေး ကုန်မျိုးစုံဆိုင်(ဇဝန)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊**
**လမ်း၊ တံတား၊ မုခ်ဦးဒါယကာကြီး**

## ဦးဟန်ရွှေ(ပဲခူး)

**လက်ထောက်ဥာနမှူး(ငြိမ်း)၊ စည်ပင် လမ်း/တံတား**
**အထက(၃)၊ ပဲခူးကျောင်းသားဟောင်း**

### အသက်(၈၂)နှစ်

ပဲခူးမြို့နေ(ဦးကျော်မြ-ဒေါ်စော)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၄)၊ သုမင်္ဂလာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ခင်မမကြီး၏ ခင်ပွန်း၊ ဦးတင်အောင်ဝင်း-ဒေါ်ရွှဲမြ၊ ဒေါ်ပပဟန်၊ ဦးကျော်ဇောဟန်-ဒေါ်ယမင်းဝေဝေကျော်၊ ဒေါ်ရွှေရည်ဖြိုးအိ၊ မောင်ပြည်သိန်းကျော်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေး လေးယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၂-၁၁-၂၀၂၄(စနေနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဒ/၆၃၊ မြေကွက်အမှတ်- ၇၂၀၊ မြေကွက် တည်နေရာ အမှတ်(၇၂၀)၊ ရတနာလမ်း၊ (၁၇) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်ကြီးဇော်ထက်(ကြည်း - ၂၈၃၁၈) အမည်ပေါက်၊ ပါမစ်မြေအား အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းနှင်းထွေး [၁၂/ရပသ(နိုင်)၁၂၇၅၇၂]မှ မြေချပါမစ်တွင် မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင် အကျဉ်းချုပ် တို့သာတင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချပေးခံရသူများ၏ မှီခိုသူများစာရင်း တို့တင်ပြနိုင်ခြင်းမရှိဘဲ မြေချပါမစ် (ပါမစ်မစုံ) အရပ်ကတိအရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဥာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဝင်းမာကြည်

### အသက်(၇၂)နှစ်

RC-1, သတ္တဗေဒဌာနမှ ကန်တော့ခံဆရာမကြီး ဒေါ်ဝင်းမာကြည်သည် ၂၉-၁၀-၂၀၂၄ (အင်္ဂါနေ့) တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကဆရာများ၊ လူမှုအကျိုးပြုအဖွဲ့**
**ပညာဒါနအမှုဆောင်အဖွဲ့နှင့် အာစရိယပူဇော်ပွဲ**
**ကျင်းပရေးကော်မတီ (RC-1, RUBC, BC)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဖုန်းမြင့်

### အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၃၀) ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ်(၁၉၂)နေ ဒေါ်စုစုအေး၏ ခင်ပွန်း၊ ကိုကျော်ဇေယျာဖြိုး၊ ကိုအောင်ကောင်းမြတ်-မအိဟန်နီကျော်၊ မအေးမြတ်မွန်တို့၏ မွေးသဖခင်သည် ၃-၁၁-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၄-၁၁-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာ ဦးထွန်းအောင်ကျော်

**(အထွေထွေရောဂါအထူးကုသမားတော်)**

### အသက်(၆၇)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၅လမ်း x ၁၀၆ လမ်းကြား၊ ၆၃(B)လမ်း၊ အိမ်အမှတ်-ဏ၄/၆၆နေ (ဦးသန်း)-ဒေါ်ကြည်တို့၏ သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ (ဦးစိမ်းမောင်-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ ဒေါက်တာ မို့မို့ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူစင်မောင် (ဒုတိယနှစ်ဆေးတက္ကသိုလ်)၏ မွေးသဖခင်သည် ၂- ၁၁- ၂၀၂၄ (စနေနေ့) နံနက် ၆:၃၅ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ၃-၁၁-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

(၂၉-၁၀-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒေါ်ခင်ခင်ဝင်း (၁၂/သဃက (နိုင်) ၁၃၇၅၅၄) နှင့် ဦးခင်မောင်ထွေး (၁၂/သဃက(နိုင်)၁၃၇၅၅၃)တို့၏လွှဲအပ်ချက်အရ ဦးဇော်မြင့်ထွန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၇၉၈) ၏ ပြန်ရုပ်သိမ်းကြေညာချက်မှာ တရားရုံး၏စီရင်ချက်ဒီကရီအား မထေမဲ့မြင်ပြုရာရောက်သော ကြေညာခြင်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ ၅၄ -လမ်း၊ အမှတ် -၃၆နေ ဦးဟာမြစ် (W/RGN-၀၁၆၄၃၆) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ခ) ရပ်ကွက်၊ ဦးဖေသင်း လမ်း၊ အမှတ် (၁၁) ဟုခေါ်တွင်သော မြေကွက်အဆောက်အဦးမှာ ဦးဟာမြစ် အား (၁၇-၁-၁၉၇၉) ရက်စွဲပါ အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရ အပိုင်ပေးကမ်းခြင်း (ဟီဘာ) စာချုပ်ဖြင့် လက်ရောက်ရရှိပြီးဖြစ်၍ ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၂၄၇/၂၀၀၇ ၏(၂၉-၁-၂၀၁၀) ရက်စွဲပါအပြီးသတ်စီရင်ချက်၊ ဒီကရီဖြင့် ဒေါ်တင်န (ခ) ဒေါ်ရဟီမာဘီဘီ၏အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ်သည် တရားမဝင်သော စာချုပ်ဖြစ်ကြောင်း သုံးသပ် ဆုံးဖြတ်ချက်မှတ်ခဲ့သော တရားရုံး၏စီရင်ချက်၊ ဒီကရီကို မထေမဲ့မြင်ပြုရာ ရောက်သော ကြေညာချက်ဖြစ်ပြီး၊ ယင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်း ဖယ်ရှားထွက်ခွာပေးရန် အသိပေးကြေညာအပ်ပါသည်။ ဆက်လက်ဆောင်ရွက်ပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းများအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

လွှဲအပ်ညွှန်ကြားသူ
ဦးဟာမြစ်
W/RGN-၀၁၆၄၃၆

ဦးဇော်ဇော် (အထက်တန်းရှေ့နေ) စဉ်-၄၈၂၈၆/၂၀၁၈
အမှတ်-၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၉၄၅၀၅၉၉၇၈၈

---

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင်နေထိုင်သူ ကျွန်ုပ်၏ မိတ်ဆွေဒေါ်တင်မြ(ခ)ဒေါ်မြ [၁၂/ကမရ(နိုင်)၀၂၈၇၇၅]၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း သိစေရန်ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်-၂၈၊ ၅/၁-ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ်(၁၂၈)ဟု ခေါ်တွင်သော နှစ်(၆၀) ဂရန်ထွက်ရှိထားသည့် အိမ်မြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန၊ မြို့တော်စည်ပင်မြေယာဌာနများတွင် ဒေါ်တင်မြအမည်ပေါက်ဖြင့် တရားဝင်ပိုင်ဆိုင်သဖြင့် ကျွန်ုပ်မိတ်ဆွေသက်ရှိထင်ရှားရှိနေသ၍ အထက်ပါအိမ်မြေ ကို ကျွန်ုပ်မိတ်ဆွေကိုယ်တိုင် ကိုယ်ကျလွတ်လပ်စွာ ရောင်းချ၊ လွှဲပြောင်း၊ မြေတိုင်းတာခွဲစိတ်၊ စွန့်လွှတ်၊ လှူဒါန်း၊ ပေးကမ်း အလုံးစုံစီမံခန့်ခွဲခွင့်ရှိကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်၍မည်သူတစ်ဦး တစ်ယောက်ကမှ တားမြစ်ပိတ်ပင်ကန့် ကွက်ပိုင်ခွင့်မရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်မှုကို ဆန့်ကျင် အရေးဆိုလိုပါက အရောင်းအဝယ်တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးအနိုင်ဒီကရီ၊ တရားရုံးယာယီတားဝရမ်းစသည်တို့ဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

အခြေအမြစ်မရှိဘဲ ကျွန်ုပ်မိတ်ဆွေ အကျိုးထိခိုက်အောင်စွပ်စွဲပြောဆို ဌာနဆိုင်ရာများတွင် တားဆီးကန့်ကွက်လာပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သင်းသင်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၈)**
**အမှတ်(၂၅၉/ခ)၊ ရွှေဘုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၇၄၅၈၈၂**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၄ မြေကွက်အမှတ်-၇/၅ ၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၃၁၁)ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈ ၁/၂ ) ထပ်တိုက်၏ ၇-ထပ် (ခေါင်းရင်းခန်း) တိုက်ဘက်မျက်နှာမူလျှင်-ဝဲဘက်ခြမ်း အခန်းအမှတ် (၇-အေ)၊ အကျယ်အဝန်း ၂၀ ပေ x ၆၅ ပေ ကွန်ဒိုတိုက်ခန်းနှင့် ဆက်နွယ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ရောက်ရယူပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးခင်ညို (ဘ) ဦးဘိုးစော[၇/ပတန(နိုင်)၀၇၆၈၆၇]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝတ်ရည်ထွေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၂၆၉)**
**အမှတ်(၂၃/၂၅)၊ ၄၅-လမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၃၅၈၉၂၊ ၀၉-၇၆၂၆၉၂၇၃၇**

---

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





---

**"အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၅)လမ်း၊ မြေကွက်အမှတ်(A/၁၇၂)၊ သန်လျင်မြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဒေါ်ခင်စန်းတင့် (SRM-၀၀၂၄၈၅) [၁၂/သလန(နိုင်)၀၄၅၄၇၂] ကိုင်ဆောင်သူအမည်ဖြင့် ချထားပေးသော မြေဧရိယာ(၄၀x၆၀)ပေရှိ မြေထဲမှ ခြေရင်းဘက်ခြမ်းရှိ မြေဧရိယာ(၂၀x၆၀)ပေရှိ မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မူလပိုင်ရှင် ဒေါ်ခင်စန်းတင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းမော်(ဘ)ဦးကျော်ညွှန့် [၁၂/သလန(နိုင်)၁၂၇၅၇၃]ကိုင်ဆောင်သူက (၂၅-၆-၂၀၁၂)ရက်နေ့တွင် အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နေအိမ်ဆောက်လုပ်နေထိုင်ကာ ယနေ့အချိန်အထိ ဒေါ်သန်းသန်းမော်သာ လက်ရှိထား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော မြေကွက်နှင့် နေအိမ်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်နေအိမ်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ ပေါင်နှံ၊ အပေါင်ထားခြင်းများ မရှိပါကြောင်း ယနေ့အချိန်အထိ ဒေါ်သန်းသန်းမော်သာ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

---

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

---

**သင့် သွေးဖြင့် အသက် ကယ်ပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**ဟိုပုံးမြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့သည့် ကျောင်းသား ကျောင်းသူများ၏ ရင်တွင်းစကားသံများ**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

**ရေဘေးသင့် ကျွန်းဦးခေတ်မီစံပြကျေးရွာမှ သမဝါယမအသင်း အသေးစားအကြွေးဖိုလုပ်ငန်းများ ပြန်လည်နိုးထခြင်း ...**
ဆောင်းပါး စာမျက်နှာ » ၁၇

**မန်ယူအသင်းအတွက် ဒုတိယ တန်ဟက်မဖြစ်လာဖို့ စိုးရိမ်မှုတွေ ထွက်ပေါ်နေတဲ့ နည်းပြသစ် ရူဘင်အာမိုရင်**
စာမျက်နှာ » ၂၅


## ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူး

### ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ

ရန်ကုန် နိုဝင်ဘာ ၃

အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup )ကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princesa မြို့၌ ကျင်းပခဲ့ရာ မြန်မာလှေလှော် အားကစားအသင်း ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုတို့ ဆွတ်ခူးရရှိခဲ့သည်။

မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ စပိန်၊ ဖိလစ်ပိုင်၊ ဟန်ဂေရီအသင်းတို့သည် နိုဝင်ဘာ ၂ ရက်က အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ ဆယ်တက်လှော်ဗိုလ်လုပွဲပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရာ အင်ဒိုနီးရှားအသင်းက ပထမ (ရွှေတံဆိပ်)၊ မြန်မာအသင်းက ဒုတိယ (ငွေတံဆိပ်)၊ တရုတ်(တိုင်ပေ)အသင်းက တတိယ(ကြေးတံဆိပ်) ရရှိခဲ့ကြသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○




မြန်မာလှေလှော်အားကစားသမားများကို တွေ့ရစဉ်။

## ဟံသာဝတီနှင့် ရန်ကုန်ယူနိုက်တက်တို့ နှစ်ဂိုးစီသရေကျ

ရန်ကုန် နိုဝင်ဘာ ၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ပထမနေ့ကို နိုဝင်ဘာ ၃ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ဟံသာဝတီ ယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်တို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်ကို ဖိအားပေးနိုင်ရန်ကြိုးစားနေသည့် ဒုတိယနေရာမှဟံသာဝတီယူနိုက်တက်နှင့် တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့၏

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖



ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာဆီယံဖူဆယ်ပြိုင်ပွဲဝင် မြန်မာအသင်း ဩစတြေးလျနှင့် ယနေ့ကစားမည်

ရန်ကုန် နိုဝင်ဘာ ၃

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ အာဆီယံ ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဩစတြေးလျအသင်းနှင့် ကစားရမည်ဖြစ်သည်။

နိုဝင်ဘာ ၄ ရက် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီတွင် မြန်မာအသင်းနှင့် ဩစတြေးလျအသင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ကမ္ဘောဒီးယားအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် တီမောအသင်းနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❂